မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၈ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၃၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးဒဏ် ပြင်းထန်စွာခံစားခဲ့ကြရသည့်ဒေသများအထိ သွားရောက်ပြီး ကူညီလှူဒါန်းလိုလျှင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီအဆင့်ဆင့်ထံ အကူအညီတောင်းခံနိုင်

နေပြည်တော် မေ ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ ခုနှစ် မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်ချက်အမှတ်(၈)ကို ထုတ်ပြန်ကြေညာလိုက်သည်။
အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ်(၈)

၁။ နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရသော လေဘေးသင့် ပြည်သူများအပေါ် စေတနာ သဒ္ဓါတရား ထက်သန်သော တိုင်းနှင့်ပြည်နယ်အသီးသီးမှ စေတနာရှင်တစ်ဦးချင်းနှင့် အဖွဲ့အစည်းလိုက်တို့က ငွေနှင့်ပစ္စည်းများ အင်တိုက်အားတိုက်ပေးပို့လှူဒါန်းခြင်း၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခြင်းတို့အား ဤကော်မတီက ဝမ်းမြောက်ကျေးဇူးတင်စွာလက်ခံပြီး လေဘေးသင့်ပြည်သူများထံ အချိန်မဆိုင်း စနစ်တကျ ဖြန့်ဝေပေးပို့လျက်ရှိပါသည်။

၂။ အချို့သောအလှူရှင်များသည် မိမိတို့လှူဒါန်းလိုသောပုဂ္ဂိုလ်နှင့် လှူဒါန်းလိုသောဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ကိုယ်ထိလက်ရောက်လှူဒါန်းလိုကြောင်း သိရပါသည်။ ဤသို့ လှူဒါန်းလိုသူများသည် မိမိတို့လှူဒါန်းလိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာများအထိ စနစ်တကျ သွားရောက်လှူဒါန်းနိုင်ပါကြောင်း၊ လေဘေးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရသည့် ဒေသများအထိ သွားရောက်ပြီး ကူညီလှူဒါန်းကြလျှင် ပိုမိုထိရောက်ပါကြောင်းနှင့် ထိုသို့လှူဒါန်းရာတွင် အကူအညီလိုအပ်ပါက သက်ဆိုင်ရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီအဆင့်ဆင့်ထံ တောင်းခံနိုင်ပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

ရက်စွဲ၊ ၂၇-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းတစ်လျှောက် စာသင်ဆောင်များနှင့် ကျောင်းအဆောက်အအုံများ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြင်ဆင်နေမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ဖနာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံပိုင်အဆောက်အအုံဝင်းများအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် လဲပြိုသွားသောသစ်ပင်များနှင့် အမှိုက်သရိုက်များကို အပြီးသတ်ရှင်းလင်းနေမှုနှင့် ပျက်စီးသွားသော နိုင်ငံပိုင်အဆောက်အအုံများ ပြန်လည်ပြင်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှိုင်တက္ကသိုလ်နယ်မြေရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(လှိုင်နယ်မြေ)သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျောင်းဖွင့်အမီ စာသင်ဆောင်များပြင်ဆင်ပြီးစီးရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၈ ရက်)

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်း

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးလူသားများသည် မြန်မာနိုင်ငံရှိ ပုံတောင်၊ပုံညာဒေသ၌ အခြေချနေထိုင်ခဲ့ကြောင်း ၁၉၇၀ပြည့်လွန်နှစ်များက ရှာဖွေတွေ့ရှိခဲ့သည့် အထောက်အထားများအရ သိရသည်။ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများကို မြန်မာနိုင်ငံအနှံ့အပြားတွင် ရှာဖွေတွေ့ရှိခဲ့ရာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် လူသားများ၏အတိတ်က ရှင်သန်ရပ်တည်ခဲ့မှုနှင့် သမိုင်းတင်တည်ရှိနေသည့် အရင်းအမြစ်များ ဖြစ်ရာ ပစ္စုပ္ပန်၌လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသားရေး စရိုက်လက္ခဏာများမပျောက်ပျက်စေရန် ထိန်းသိမ်းကာကွယ်ခြင်းသည် အလွန်အရေးပါသည့် လုပ်ငန်းဖြစ်သည်။ ရှေးဟောင်း အဆောက်အအုံများ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်က အလေးထားဖော်ဆောင် လျက်ရှိသည်။

ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အာဆီယံနိုင်ငံများရှိ သမိုင်းဝင်အဆောက်အအုံများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ထိန်းသိမ်းမှုနည်းလမ်းများနှင့် နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြီး စာတမ်းများ ဖတ်ကြား ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူထားသည်နှင့်အညီ သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့်မြို့ရိုးများ တူးဖော်ခြင်း၊ ကျောက်စာ၊ မော်ကွန်းဝင် ပေ၊ပုရပိုက်များ စုစည်းထိန်းသိမ်းခြင်း လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ နှစ်ပေါင်းထောင်ချီ၍ တည်တံ့ခိုင်မြဲခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ အဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်း များနှင့် အနုပညာလက်ရာများသည် မြန်မာတို့၏ မျိုးရိုးဇာတိဂုဏ်မြင့်မားမှုကို ဖော်ညွှန်းပြဆိုနေပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ် ပေါများကြွယ်ဝသောနိုင်ငံဖြစ်ရာ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ယဉ်ကျေးမှု နီးနှောဖလှယ်ခြင်းဆိုင်ရာလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် သူငယ်တော်ရုပ်နှင့် ခေါင်းလောင်းတော်အတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် သူငယ်တော်ရုပ်၊ ခေါင်းလောင်းတော် ရုပ်တု အတွက် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် (၄)လမ်း အမှတ်(၆၇၃)နေ ဗိုလ်မှူး ကျော်ဆန်းထူးအား ရည်စူး၍ ဇနီးဒေါ်လှမျိုးနွယ်နှင့် သမီး ရွှန်းလဲ့ဖြိုးသော်(ခ) ယူမီတို့က အလှူငွေကျပ် သုံးသိန်းကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးမောင်လှိုင်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။**(အောက်ပုံ)**(က-ပ)

မြဝတီရုပ်မြင်သံကြား

၂၈-၅-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၃၀ ၈။ ရန်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၅၀)
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၂၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၁၂)

အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၂၇

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၆၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို (၁၃၇၀ပြည့်နှစ် နယုန်လဆန်း၁၂ရက်) ဇွန်၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ်၄၉/၅၁ရှိ အဘိဓမ္မာ ရတနာဃရ အဘိဓမ္မာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသူ အသင်းသားများ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ရှင်သာမဏေ ဓမ္မဗိမာန် ရက်ရှည်သင်တန်းများ ဖွင့်မည်

ရန်ကုန် မေ ၂၇

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က ဖွင့်လှစ်သော ပိဋကတ်တော် မြန်မာပြန်သင်တန်းနှင့် အဘိဓမ္မာသင်တန်းကို မေ၃၁ရက် နံနက်၈နာရီမှစ၍ အပတ်စဉ်(စနေ၊ တနင်္ဂနွေနေ့)တိုင်း ပို့ချသင်ကြားပေးမည်ဖြစ်သည်။

သင်ကြားနိုင်

ပိဋကတ်တော်လာ ဘုရားဟောအဆုံးအမများကို သိရှိနားလည်စေနိုင်ရန်နှင့် အဘိဓမ္မာ သဘောတရားများကို နားလည်နိုင်စေရန်အတွက် သင်ကြားပေးမည် ဖြစ်ရာ မြန်မာစာတတ်သူတိုင်း သင်ကြားနိုင်သည်။

သင်တန်းတက်ရောက်လိုသူများ ကိုယ်တိုင်ကြိုတင်စာရင်းပေးသွင်း တက် ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့မီးရထား အင် ဂျင် နီ ယာ အလုပ်ရုံ အရာထမ်း လောင်း အသင်းကိုယ်စား အမှတ် (၁၅၇) ဗိုလ် ချုပ် လမ်း မင်္ဂလာတောင်ညွန့် မြို့နယ် ဦးမြင့် အောင်က ဗဟန်း မြို့နယ် ဇီဝိတဒါန သံ ဃာ့ ဆေး ရုံ ကြီးသို့ ထာဝရ ဆေးပဒေသာပင် အ လှူ ငွေ ကျပ် ၂၅၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

မူလတန်းမှ ဓမ္မာစရိယတန်းအထိ ပါဠိစာပေများ လက်ခံသင်ကြားပေးမည်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်း လွတ်လပ်ရေး(ခေါ်) ပရိယတ္တိ သဒ္ဓမ္မာရုံကျောင်းတိုက်မှ အသက်၁၅နှစ်အောက် သာမဏေငယ်များကို ဆရာ မိဘအပ်နှံစာဖြင့် (ကဆုန်လပြည့်ကျော် ၉ရက်) မေ ၂၈ရက်မှစ၍ မူလတန်းမှ ဓမ္မာစရိယတန်းအထိ ပါဠိစာပေများကို လက်ခံသင်ကြားပေးမည်ဟု သိရ သည်။ (က-ပ)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ထူးထရေးဒင်းနှင့် အဲပုဂံကုမ္ပဏီမှဝန်ထမ်းများ ဘိုကလေးမြို့နယ်၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၂၇

မုန်တိုင်းဒဏ်ခံစားခဲ့ရသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် Htoo Trading Co.,Ltd. နှင့် Air Bagan Co.,Ltd.တို့မှ ဝန်ထမ်းများသည် မေ ၆ရက်မှစ၍ ဘိုကလေးမြို့၌ အခြေချ၍ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နေ့စဉ်ကူညီ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၆ရက်က ဂျာမနီနိုင်ငံ Technisches Hilfswerk Co.,Ltd.မှ လှူဒါန်းသော ၄၅မိနစ်ကို လီတာတစ်သောင်းထွက်သည့် ရေသန့်စက်နှစ်လုံးကို Htoo Trading Co.,Ltd. မှတစ်ဆင့် အမှတ် (၆၆) ခြေမြန်တပ်မ ဌာနချုပ် ဗျူဟာမှူး ဗိုလ်မှူးကြီးတင်အောင်နှင့် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းတို့ထံသို့ ဘိုကလေးမြို့မှ မုန်တိုင်းဒဏ်ခံပြည်သူများအတွက် ပေးအပ်လှူဒါန်းကြသည်။ (အပေါ်ပုံ)

သောက်ရေများဝေငှ

Htoo Trading Co., Ltd. နှင့် Air Bagan Co.,Ltd. တို့မှ အဆိုပါ ရေသန့်စက် နှစ်လုံးထားရှိရန် ကျပ်သိန်း ၃၀၀တန်ဖိုးရှိ အဆောက်အအုံ ဆောက်လုပ်ပေးခြင်း၊ စက်ပစ္စည်းများ သယ်ယူတပ်ဆင်ပေးခြင်းနှင့် ရေသန့်စက်နှစ်လုံးမှ ထွက်ရှိသည့် သောက်ရေများကို ကားသုံးစီးဖြင့် တစ်နေ့လျှင်နှစ်ကြိမ် လိုက်လံဝေငှပေးခြင်းများကို အကုန်အကျခံကာ တာဝန်ယူလုပ်ဆောင်ပေးလျက်ရှိသည်။

ဆောင်ရွက်ပေး

ထို့အပြင် မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် အဆောက်အအုံများကို မေ ၁၀ရက်မှစတင်၍ Htoo Trading Co., Ltd. နှင့် Air Bagan Co., Ltd. တို့မှ တာဝန်ယူပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၆ရက်အထိ မဟာမုနိတန်ဆောင်းတော်၊ မြို့နယ်ဓမ္မာရုံကြီး၊ ဇေယျမေဒိနီဘုန်းကြီးကျောင်း၊ ရတနာပုံဘုန်းကြီးကျောင်း၊ ကျွန်းညိုဘုန်းကြီးကျောင်း၊ မဂ္ဂင်ဘုန်းကြီးကျောင်း၊ ကျော်ဇံ ဘုန်းကြီးကျောင်း၊ မြစိမ်းရောင်ဘုန်းကြီးကျောင်း၊ ဒွါရဘုန်းကြီးကျောင်း၊ သီတဂူ ဘိုးဘွားရိပ်သာ၊ ပြည်သူ့ဆေးရုံ၊ ပညာရေးကောလိပ်၊ အထက-၁၊ အထက-၂၊ အလက-၁၊ အမက (အောက်ပိုင်း)၊ အမက (အောင်သပြေ)၊ ဆက်သွယ်ရေးရုံး၊ ရုပ်သံထပ်ဆင့်လွှင့်ရုံ၊ တိမ္မေးကုရုံး၊ စိုက်ပျိုးရေးရုံး၊ မြေစာရင်းရုံးတို့မှာ အလုံးစုံပြီးစီးသွားပြီဖြစ်ပြီး သတ္တမဝတီ ဘုန်းကြီးကျောင်း၊ သီတဂူ ပေါ်တော်မူဘုရားဘုန်းကြီးကျောင်း၊ ကံ့ကော်တစ်ထောင် ဘုန်းကြီးကျောင်း၏ ဆေးကုခန်း (ကံ့ကော်တစ်ထောင်ရွာ) အထက (မြင်းကကုန်း)၊ မြနဒီ ဩည့်ရိပ်သာတို့ကို ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းမည်

ဆက်လက်၍လည်း ကျေးရွာများ ပြန်လည်ထူထောင်ရန် ထွန်စက်အစီး ၁၀၀နှင့် မျိုးစပါးများကို မကြာမီ ဆက်လက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မုန်တိုင်းဒဏ်ပြန်လည်ထူထောင်ရေး သတင်းအချက်အလက်များစွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၂၇

"အနုတ်ထဲကအပေါင်း အဆိုးထဲကအကောင်း ဝန်းကျင်ဘဝများပြောင်း" နာဂစ်ဒဏ်ပြန်လည်ထူထောင်ရေးဆိုင်ရာ အထူးအလေးပေးသုံးသပ်ချက်၊ ဦးလှမြင့်ဆွေ (ဌာနမှူး)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဦးမောင်မောင်လတ် (ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး)၊ ဦးခင်ဇော် (ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန)တို့နှင့် တွေ့ဆုံပြီး နာဂစ်ပြန်လည်ထူထောင်ရေးဆိုင်ရာ သုံးသပ်ချက်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ ၄ ၊ အမှတ် ၂၀ ယခုအပတ်ထွက်ရှိလာသည်။

ထို့အပြင် လေဘေးသင့်ပြည်သူများအား ကူညီရန်အတွက် နိုင်ငံတကာမှ ငွေကြေးအကူအညီနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကျင်းပ၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များကို မုန်တိုင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ဖိတ်ခေါ်၊ နိုင်ငံတကာမှ ထောက်ပံ့ရေးအဖွဲ့များကို မြန်မာနိုင်ငံအတွင်းဝင်ခွင့်ပြုကြောင်း နိုင်ငံတော်အကြီးအကဲ သဘောတူခဲ့ ကုလထွေချုပ်ဘန်ကီမွန်းက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြား၊ မြန်မာ့မိုး/ဇလအား ကမ္ဘာ့ကုလ မိုးလေဝသအဖွဲ့ချုပ်နှင့် အခြားအဖွဲ့အစည်းများက မိုးလေဝသတိုင်းထွာ ခန့်မှန်းရေးပစ္စည်းများ ကူညီမည်၊ နာဂစ်နှင့်ပတ်သက်၍ အမှန်ကန်ဆုံးသတင်းအချက်အလက်များ ထုတ်ပြန်ပေးနိုင်သည့် မြန်မာ့မိုး/ ဇလအား ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ချီးကျူး၊ မြန်မာနိုင်ငံရှိထင်ရှားသော ကျောက်မှုပွင့်ကြီး နာဂစ်ကြောင့်ကျိုးပဲ့၊ ဆန်တစ်ပြည် ၆၅၀ ဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူအသင်းမှ လိုသလောက်ရောင်းမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မိုးလေဝသသတင်းများ" အကြောင်း စသည့်ပြည်တွင်းရေးရာနောက်ဆုံးစက်ရပ်သတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

မလေးရှားနိုင်ငံ နိုင်ငံကူးလက်မှတ်အတုပြုလုပ်သောဂိုဏ်း ရဲကဖမ်း၊ ငလျင်ကယ်ဆယ်ရေးလုပ်ငန်းများ ဦးရွက်ဦးဆောင်လုပ်ဆောင်သည့် ဝန်ကြီးချုပ်ကို တရုတ်ပြည်သူများသဘောကျ၊ တရုတ်နှင့်မြန်မာတို့မှ ကပ်ဘေးသင့်သူများအတွက် ဝမ်းနည်းပူဆွေးခြင်း အထိမ်းအမှတ် ကမ္ဘာ့ကျန်းမာရေးညီလာခံဖွင့်လှစ်၊ ဆော်ဒီအမျိုးသမီးက သူမ၏မျက်နှာကို ကြည့်ရန်ကြိုးစားသည့် ခင်ပွန်းကိုကွာရှင်းလို၊ အမျိုးသမီးများရင်သားကင်ဆာကာကွယ်ရေး လေ့ကျင့်ခန်း များများလုပ်ပေး၊ မက္ကဆီကိုစီးတီးတွင် လိင်ပြောင်းသူနှစ်ဦး ပထမဆုံးအကြိမ်လက်ထပ်၊ "မိတ်ကပ်ပညာရှင်ဇနီးကို သတ်မှုဖြင့် ခင်ပွန်းသည်အား လူသတ်မှုဖြင့်စွဲချက်တင်" နိုင်ငံတကာမှခင်းရေးရာ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

● *ရွှေဖုံးမှ*

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လှိုင်တက္ကသိုလ်နယ်မြေအတွင်း တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက လဲကျနေသောသစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး နှစ်ကာလကြာရှည်စွာ ပြုစုထိန်းသိမ်းစောင့်ရှောက်ခဲ့ရသော သစ်ပင်များဆုံးရှုံးမှုမရှိစေရေးအတွက် ပြန်လည်ရှင်သန်နိုင်သော လဲကျနေသည့် သစ်ပင်များကို ခုတ်ထွင်းဖယ်ရှားခြင်းမပြုဘဲ ပြန်လည်တည့်မတ်စိုက်ပျိုးသွားရန် မှာကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံဝင်းအတွင်း၌ လဲကျနေသည့်သစ်ပင်များကို အမှတ် (၇၇)ခြေမြန်တပ်မဌာနချုပ်အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများက စက်ယန္တရားများအသုံးပြု၍ ခုတ်ထွင်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးချုပ်ဝင်းမြင့်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်နယ်မြေ အဓိပတိလမ်း၌ အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ်အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများက လဲကျနေသော သစ်ပင်များအား ခုတ်ထွင်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးချုပ်လှမင်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် အဓိပတိလမ်းတစ်လျှောက် လဲပြိုသွားသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှုနှင့် စာသင်ဆောင်များ၊ ကျောင်းအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျောင်းဖွင့်အမီ ပြင်ဆင်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံဝင်းအတွင်းသို့ ရောက်ရှိကြပြီး ဝင်းအတွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများက လဲပြိုနေသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြန်လည်ရှင်သန်နိုင်သော သစ်ပင်များအား အကိုင်းအခက်များကိုသာ ခုတ်ထွင်ရှင်းလင်းပြီး ပင်စည် ပြန်လည်တည့်မတ် စိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘာအေးစေတီလမ်း အင်းလျားကန်ရှိ မြကျွန်းသာဥယျာဉ်၌ လဲကျနေသောသစ်ပင်များအား မော်ဘီ တပ်နယ်မှ တပ်မတော်သားများက ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လဲကျနေသော သက်တမ်းရင့် ကုက္ကိုပင်ကို အကိုင်းအခက်များ ခုတ်ထွင်ပြီး ပြန်လည်တည့်မတ် စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၇

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဂုဏ်ပြုသီဆို

ရှေးဦးစွာနေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများကကျောင်းအပ်နှံရေးသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ၂၀၀၈-၂၀၀၉ပညာသင်နှစ် ကျောင်းအပ်နှံရေး အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်**(အပေါ်ပုံ)**က နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးမြို့နယ်များအတွက် ပညာသင်ထောက်ပံ့စရိတ် ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ထို့နောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းက (၃)မြို့နယ်ရှိ သူငယ်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ ကျောင်းသုံးပုံနှိပ်စာအုပ်များကို မြို့နယ်အလိုက် မြို့နယ်ပညာရေးမှူးများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က စေတနာရှင် အလှူရှင်များ၏ အလှူငွေများကိုလက်ခံပြီး နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဧည့်ခံဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ၂၀၀၈-၂၀၀၉ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့တွင် ဆရာ၊ ဆရာမများ၏ ကျောင်းအပ်နှံရေးဆောင်ရွက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

■ *ကျော်ဖုံးမှ*

ရှေးဦးစွာဝန်ကြီးသည် ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံ၌ လေဘေးဒဏ်ကြောင့် ဒဏ်ရာရလူနာများအား နှစ်နိုင်ငံဆရာဝန်များဖြင့် ကုသနေခြင်းကို လည်းကောင်း၊ ဒေးဒရဲမြို့၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့် ဒဏ်ရာရသူများအား နှစ်နိုင်ငံဆရာဝန်များဖြင့် ဆေးကုသမှုများဆောင်ရွက်နေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်နေခြင်းတို့ကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လူနာများ၏လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထုတ်ပေး

ထို့နောက်ဝန်ကြီးသည် မေ ၂၆ ရက်တွင် နိုင်ငံတော်မှလှူဒါန်းသော စက်မှုလယ်ယာမှထုတ်လုပ်သည့် မြင်းကောင်ရေ ၆/၈ ကောင်အားရှိသော လယ်ယာ(၂၂) လက်တွန်းထွန်စက် ၁၀၂ စီးနှင့် ဒေင်ကုမ္ပဏီမှလှူဒါန်းသော လယ်ယာ(၂၂) လက်တွန်းထွန်စက်အစီး ၂၀ စုစုပေါင်း ၁၂၂ စီး ရောက်ရှိတပ်ဆင်မှုကို သွားရောက်ကြည့်ရှုခဲ့ပြီး အဆိုပါလယ်ယာ(၂၂) လက်တွန်းထွန်စက်များကို ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ တောင်သူလယ်သမားများအား လယ်ယာမြေအမြန်ဆုံးဖော်ထုတ်နိုင်ရေးအတွက် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသရှိ ကျွဲနွားများအတွက် အစာများရောက်ရှိ

ရန်ကုန် မေ ၂၇

လေဘေးသင့်ဒေသများရှိ ကျွဲနွားများအား ကျွေးမွေးရန်အတွက် ကမ္ဘာ့တိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့(World Society for the Prevention of Animals-WSPA)က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှတစ်ဆင့်လှူဒါန်းသည့် ရောစပ်ပြီး ကျွဲနွားများအစာတောင့်တန်၃၀သည် မေ ၂၆ရက်နှင့် ၂၇ ရက်တို့တွင် C-130 လေယာဉ်သုံးစင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် FAO မြန်မာနိုင်ငံဆိုင်ရာ ယာယီဌာနေကိုယ်စားလှယ် Mr. Leon Gouns တို့က လက်ခံပြီး**(အပေါ်ပုံ)** လေဘေးသင့်ဒေသများသို့ ဆက်လက်ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချအလှူမင်္ဂလာပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါးဖြင့်ထောက်ပံ့လှူဒါန်းခဲ့ကြသော ကျပ်တစ်သောင်းနှင့်အထက် ပဒေသာပင်အလှူရှင်များ၏ အကြိမ်(၅၀)မြောက် ရေစက်ချအလှူမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားကို မေ ၃၁ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၈ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များထံသို့ ဖိတ်စာများကို စာတိုက်မှတစ်ဆင့် ကြိုတင်ပေးပို့ထားပြီး ဖြစ်သည်။

နောက်ဆုံးထားဆက်သွယ်

အထက်ပါကာလအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အခမ်းအနားသို့ တက်ရောက်မည်၊ မတက်ရောက်မည်ကို အဆိုပါဆေးရုံကြီး ဖုန်း-၅၅၈၄၃၇နှင့် ၅၄၅၇၈၂တို့သို့ မေ ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းပြန်ကြားပေးရန် မေတ္တာရပ်ခံထားကြောင်းသိရသည်။ (က-ပ)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် ငွေကျပ်သိန်း၂၀ တန်ဖိုးရှိ သွပ်ပြားနှင့်သံများကို အလှူရှင်သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်းနှင့်ဇနီး သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)တို့က မေ ၂၅ရက်က ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့က မဟာဗောဓိညောင်ပင်အား ရေသွန်းလောင်းစဉ်။ (ပြည်နယ် ပြန်/ဆက်)

ကဆုန်ညောင်ရေသွန်းပွဲတော် တောင်ကြီး၌ကျင်းပ

ရန်ကုန် မေ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်အခမ်းအနားကို မေ ၁၉ရက် ညနေ ၃နာရီက စူဠာမုနိလောကချမ်းသာ စေတီတော်ပရဝဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်ရင်း၌ ကျင်းပသည်။

ညောင်ရေသွန်းလောင်း

ရှေးဦးစွာ သမ္မာဒေဝ နတ်များကို ဦးသန်းညွှန့်က ပင့်ဖိတ်ပြီး "မဟာဗောဓိဒုမေနာထောဂါထာ"ကို ရွှေဘုန်းပွင့်ဂေါပကအဖွဲ့ဝင် ဦးသိန်းစိုးက ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကဆုန်လပြည့်(ဗုဒ္ဓနေ့)အကြောင်း စာတမ်းကို ပြည်နယ်သာသနာရေးမှူးက ဖတ်ကြားသည်။ ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီးဒေါ်သင်းမျိုးမျိုးအောင် အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲ မိသားစုများ၊ ဧည့်သည်တော်များက ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ထို့အတူမဟာဗောဓိပင်၏ တောင်အရပ်မျက်နှာမှနေ၍ ဒေဝဝင်း၊ အနောက်အရပ်မှ နဂါးမင်း၊ မြောက်အရပ်မှ ဂဠုန်မင်း၊ အရှေ့အရပ်မှ ဗြဟ္မမင်းများက ဇယောတိ ဗုဒ္ဓသဂါထာများကို ရွတ်ဆိုကြပြီး ညောင်ရေသွန်းလောင်းကြသည်။

ရွတ်ဆို

ဆက်လက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အလိုက် ယောဂီများ၊ ရပ်ကွက်ပြည်သူလူထုများက ရေသွန်းလောင်းပူဇော်ကြပြီး အမျိုးသမီးဝတ်အဖွဲ့များက "သွန်းကြ၊ သွန်းကြ ရွှန်းပညောင်ရေ"ကဗျာသုံးပုဒ်ရွတ်ဆို၍ ဆုတောင်းပတ္ထနာပြုကာ ဗြဟ္မာ၊ နတ်၊ နဂါး၊ ဂဠုန်အဖွဲ့များနှင့် ပရိသတ်အားလုံးက "ဇယန္တော" စသော ဇယမင်္ဂလာဂါထာတော်များကို ရွတ်ဆိုကြပြီး အမျှပေးဝေကာ သမ္မာဒေဝနတ်များအား ဦးသန်းညွှန့်က ပြန်ပို့၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (ပြည်နယ် ပြန်/ဆက်)

စာပေဗိမာန်စာအုပ်အသင်းစာအုပ်ဖြန့်ချိ

ရန်ကုန် မေ ၂၇

စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ(ပထမဆုရ) ဦးရွှေထွန်း၏ **"လွန်းရာကျော်ကြိုးကြီးချိတ်"** စာအုပ်ကို စာအုပ်အသင်း၏ ၃၆အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။**(ယာပုံ)**

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/ ၅၃၁ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ စာတိုက်မှ တစ်ဆင့်ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း၊ အရောင်းဌာန အမှတ် ၅၂၉/ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်သမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၂၇

ပြင်သစ်သမ္မတနိုင်ငံမှ Dr. Tierre Souilland ဦးစီးသော ကိုးဦးပါဝင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ယနေ့ ညနေ ၆နာရီ မိနစ် ၄၀တွင် TG-305 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့်အသက်ကယ်ပါ

လပွတ္တာမြို့နယ် အခြေခံပညာကျောင်းများ ကျောင်းဖွင့်အမီပြီးစီးရေး ပြုပြင်မွမ်းမံလျက်ရှိ

ရန်ကုန် မေ ၂၇

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ အနီးကပ်ကြီးကြပ်မှုဖြင့် နိုင်ငံသားကုမ္ပဏီများ ပူးပေါင်း၍ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော အခြေခံပညာကျောင်းများကို ယခုလာမည့် ကျောင်းဖွင့်ရာသီအမီ ပြီးစီးရေးအတွက် ပြုပြင်မွမ်းမံ ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြို့ပေါ်ရှိ အမှတ်(၁)နှင့်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်း ကျောင်းများ အပါအဝင် စုစုပေါင်း ခုနစ်ကျောင်းကို ပြုပြင်ဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။

ပြုပြင်မွမ်းမံ

အလားတူ မြို့နယ်အတွင်းရှိ ကျေးရွာအလိုက် အမိုးလန်သွားသော အခြေခံပညာကျောင်းများကိုလည်း သွပ်များအမြန်ဆုံး ပြုပြင်မွမ်းမံလျက်ရှိပြီး ကျောင်းဖွင့်ရာသီအမီ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးရန်ပုံငွေ အထူးပန်းချီပြပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ အလုပ်အမှုဆောင်အစည်းအဝေး(၁၁/၂၀၀၈)ကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်း၊ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးကြည်ဝင်း(Today)၊ တွဲဖက်အတွင်းရေးမှူး ဦးမြလွင်နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

သတင်းပို့

အစည်းအဝေးတွင် ပဲခူးမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးကို ပြပွဲရန်ပုံငွေများ ပေးအပ်၍ ဂုဏ်ပြုတွေ့ဆုံပွဲ ကျင်းပသည်။ ထို့နောက် လေမုန်တိုင်းဒဏ် ခံရသော အစည်းအရုံးဝင် ပညာရှင်များကို ကူညီထောက်ပံ့နိုင်ရေးအတွက် လေဘေးရန်ပုံငွေ အထူးပန်းချီပြပွဲကို အစည်းအရုံးပြခန်း၌ ဇွန် ၁၇ရက်မှ ၂၆ရက်အထိ ပြသသွားရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။ ပါဝင်ပြသလှူဒါန်းလိုသူ ပညာရှင်တစ်ဦးလျှင် ၂ပေ×၃ပေထက် မကြီးသော ပန်းချီကားတစ်ကားနှုန်း(ပေါင်ပါ)ကို ဗဟိုရုံးခန်းသို့ ဇွန် ၁၀ရက်နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် လေဘေးကြောင့် ပျက်စီးဆုံးရှုံးသူ အစည်းအရုံးဝင်ပညာရှင်များ ဗဟိုသို့ ဆက်သွယ်သတင်းပေးပို့ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်နိုင်

ဒဂုံဆိပ်ကမ်း (၅၈)ရပ်ကွက်ရှိ လေဘေးခံစားရသူ ပညာရှင်များအား ဗဟိုအမှုဆောင် ပန်းချီဦးမင်းဝေအောင်နှင့်ဇနီး ဒေါ်သန်းသန်းမော်(New Treasure Art Gallery)နှင့် အင်သာ Gallery မှ ဦးငွေးအောင်တို့က ဆန်နှင့်ငွေများကို ပထမအကြိမ် လှူဒါန်းခဲ့ပြီးဖြစ်သည်။ လှူဒါန်းလိုသူ အလှူရှင်များနှင့် အသေးစိတ်သိလိုသူများသည် အစည်းအရုံး(ဗဟို)သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊

၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊

၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်)ကလိုရင်းဆေးခတ်ထားသောရေကိုသာသောက်သုံးရန်၊

၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊

၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊

၆။ အတတ်နိုင်ဆုံးသန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြရန်၊

၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့်အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

၈။ ထိခိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊

၉။ ရေကြီးပါက မြွေအန္တရာယ်တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊

၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊

၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊

၁၂။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံး ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

Professor Alain PATEL, President of AMFA (Association Medicale Franco Asiatique) က မုန်တိုင်းသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀ နှင့် US$ ၁၆၁၀၈ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို မေ ၂၆ ရက်က မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထံ လာရောက်လှူဒါန်းစဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် မေ ၂၇

သာသနာ့ ဘေးအန္တရာယ်ကြောင့် ခေတ္တယာယီရပ်နားခဲ့ရသော အဘိဓမ္မာသင်္ဂြိုဟ် (မြန်မာ-အင်္ဂလိပ်) သင်တန်းများကို ဖွန်လမှစ၍ ပြန်လည်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ဆရာကြီး ဦးတင်ထွဋ်၏ အဘိဓမ္မာသင်တန်းကို ဇွန် ၂ရက် (တနင်္လာနေ့) တွင်လည်းကောင်း၊ ဆရာကြီး ဒေါက်တာမင်းတင်မွန်၏ သင်တန်းကို ဇွန် ၄ ရက် (ဗုဒ္ဓဟူးနေ့) တွင်လည်းကောင်း သင်တန်းများစတင်ပို့ချသင်ကြားမည်ဖြစ်ပြီး သင်တန်းအချိန်ဇယားမှာ ယခင်သတ်မှတ်ထားသော အချိန်ဇယားပင်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၇

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၆၈၀၀၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၅၆၈၇၀၀နှင့် ငွေကျပ် ၁၂၃၄၃၇၅၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀၁၂၄၆၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် ဆေးဝါးပစ္စည်းများ၊ ရန်ကုန်တိုင်းမှ စေတနာရှင်ပြည်သူများက အလှူငွေကျပ်သိန်း ၁၀၀နှင့် မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၈၇၉၃၀၀တန်ဖိုးရှိ ဆန် ၁၆၂ အိတ်၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၇၇၁၉၅၀၀အပါအဝင် ယနေ့လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၆၇၁၉၅၄၆၀ဖြစ်ပြီး မေ ၂၇ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၉၈၂၈၂၂၅၇၇၉ ကျပ်ရှိပြီဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၇

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှ ရေသန့်များ၊ ရေသန့်ဆေးပြား၊ ရေသန့်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ သစ်သားများ၊ စောင်များ၊ ရေစည်များ၊ တာပေါ်လင်များ စုစုပေါင်း ၃၂ဒသမ ၅၈တန်သည် C-130 လေယာဉ်လေးစင်းဖြင့် ယနေ့ နံနက် ၈နာရီ ၅၈မိနစ်၊ နံနက် ၉ နာရီ ၅၅မိနစ်၊ နံနက် ၁၁နာရီ ၄၅မိနစ်နှင့် မွန်းလွဲ ၁နာရီ ၅မိနစ်တို့တွင်လည်းကောင်း၊ထိုင်းနိုင်ငံ ကြက်ခြေနီအဖွဲ့မှလှူဒါန်းသောဆေးဝါးများ၊ အစားအစာများ၊ စောင်များ စုစုပေါင်း ၁၃ ဒသမ ၀၈တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၉နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ လာအိုပြည်သူ့သမ္မတနိုင်ငံမှ လာအို ဆေးအကာအကွယ်ပေးရေးအဖွဲ့အတွက် ပေးပို့သော ဆေးဝါးများ၊ ရေသန့်များ စုစုပေါင်း ၂ ဒသမ၆၅တန်သည် Y-7-100C လေယာဉ်ဖြင့် နံနက်၁၀ နာရီခွဲတွင်လည်းကောင်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ တိရစ္ဆာန် အစားအစာ စုစုပေါင်း ၁၀တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၀နာရီ မိနစ်၅၀တွင် လည်းကောင်း၊ ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံမှ အားဖြည့်ဘီစကွတ်များ ၃၅တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ တဲများ၊ ဆေးဝါးများ၊ မိုးကာဖျင်၊ အစားအစာများ စုစုပေါင်း ၃၄ ဒသမ ၈၄တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင်လည်းကောင်း၊ကိုရီးယားသမ္မတနိုင်ငံမှ ပလတ်စတစ်စများ ၃၈ဒသမ ၅၂တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံမှ စောင်များ ၃၄ ဒသမ ၅တန်သည် A-310 လေယာဉ်ဖြင့် ညနေ ၃ နာရီတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည်လေယာဉ်များ၊သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကိုလေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေး အဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲမုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဘိဓမ္မာ ပဋ္ဌာန်းသင်တန်း

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်၌ မေ ၃၁ရက် (စနေနေ့)မှစ၍ အဘိဓမ္မာနှင့် ပဋ္ဌာန်းသင်တန်း၊ အဘိဓမ္မာဂုဏ်ထူးဆောင်သင်တန်းများကို စွန်းလွန်းတိပိဋက ဆရာတော် ဦးဆောင်လျက် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်ကြားပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၆၄၆၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။(က-ပ)

ခေါင်းဆောင်မှုဆိုင်ရာဆောင်းပါးများ စာအုပ်ထွက်ရှိ



ရန်ကုန် မေ ၂၇

ဆောင်းပါးရှင် အေးဖြူ၏ ခေါင်းဆောင်မှုဆိုင်ရာ ဆောင်းပါးများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ (ဝဲပုံ)

အဆိုပါ စာအုပ်တွင် ခေါင်းဆောင်ကောင်းဆိုတာ၊ ခေါင်းဆောင်ကောင်းတို့ သိထားဖို့၊ ခေါင်းဆောင်များ Vision ရှိဖို့လိုတယ်၊ ခေါင်းဆောင်ဖြစ်မယ့်သူ ဘယ်လိုရှာမလဲ၊ ခေါင်းဆောင်တန်ဆာဆင်ပေးမယ့် အလားအလာရှိသူကို ရွေးချယ်ခြင်း၊ အလားအလာရှိသူကို ခေါင်းဆောင်တန်ဆာ ဘယ်လို ဆင်ပေးမလဲ၊ ခေါင်းဆောင်ကောင်းတွေများမှဖြစ်မယ်၊ ခေါင်းဆောင်များအတွက် 'အား'၊ အနာဂတ် ခေါင်းဆောင်များ ပြုစုမွေးထုတ်ဖို့၊ နောက်လိုက်ကောင်းများပျိုးထောင်ဖို့၊ အားသာချက်၊ အားနည်းချက်၊ ထန်းတက်လက်မှတ်၊ နိုင်ငံဖွံ့ဖြိုးဖို့ဆိုရင်၊ နိုင်ငံအရေး မိမိကိုယ်မိမိ တွန်းအားပေးဟူသည့် အခန်း (၁၄)ခန်း ပါရှိကာ ချိုတေးသံစာပေမှ တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ (သတင်းစဉ်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(မေ၂၇ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ॥ ॥ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၂ဒသမ၇၂လက်မ၊ အမ်းမြို့တွင် ၁ဒသမ၆၁လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၄၅လက်မ၊ သံတွဲမြို့တွင် ၁ဒသမ၂၉လက်မ၊ ဗန်းမော်မြို့တွင် ၁ဒသမ၁၄လက်မနှင့် မြိတ်မြို့တွင် ၀ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ॥ ॥ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မေ ၂၈ရက်အထိ ခန့်မှန်းချက် ॥ ॥ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ॥ ॥ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၈ရက်ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၈ရက်ညနေအထိ ခန့်မှန်းချက်။

မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၈ရက်ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၁ ဒသမ ၂ဒီဂရီစင်တီဂရိတ်	(၈၈ဒီဂရီဖာရင်ဟိုက်)	၂၆-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၃ ဒသမ ၄ဒီဂရီစင်တီဂရိတ်	(၇၄ဒီဂရီဖာရင်ဟိုက်)	၂၇-၅-၂၀၀၈
၀၉း၃၀နာရီအချိန် စိုထိုင်းဆ	၇၉ ရာခိုင်နှုန်း		၂၇-၅-၂၀၀၈
နေပူသည့်နာရီပေါင်း	၂ ဒသမ ၃နာရီခန့်		၂၆-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၇-၅-၂၀၀၈	မရှိပါ	မရှိပါ	မရှိပါ

၁-၁-၂၀၀၈မှ ယနေ့အထိ ၇၀၆မမ(၂၇ဒသမ၈၀လက်မ) ၈၁၃ မမ (၃၂ဒသမ ၀၁လက်မ) ၉၃၉မမ (၃၆ဒသမ ၉၇လက်မ) ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၇ရက် နံနက် ၆ နာရီခွဲတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၄ မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၂၈-၅-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၀၀ ၅။ တေးဂီတအစီအစဉ်
- ၈း၃၀ ၆။ International News
- ၉း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ နားဝင်ပီယံ သူ့လက်သံ
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၅။ သီချင်းကြီးပဒေသာ
- ၅း၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅း၂၅ ၇။ တေးဂီတအစီအစဉ်
- ၅း၄၀ ၈။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** မင်းမော်ကွန်း၊ လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်၊ ဂွမ်းပုံ၊ ဧရာ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၇း၀၀ ၁၂။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၃၀ ၁၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ မြန်မာဗီဒီယိုဇာတ်လမ်း **ရန့်ပြယ်ပန်း** (အပိုင်း-၁) ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦး၊ ချိုပြုံး (ဒါရိုက်တာ-မောင်နန္ဒ)
- ၁၈။ အစီအစဉ်ပြီး၏။

အင်တာနက်ကျန်းမာရေး

ပဲပင်ပေါက် ပုံမှန်စားသုံးလျှင် အမျိုးသမီးများ အသားအရေစိုပြည်လှပနိုင်



ပဲပင်ပေါက်သည် အာဟာရဓာတ်ပေါကြွယ်ဝသည့် ဟင်းသီးဟင်းရွက်များ၌ ပါဝင်သည်။ အရသာမှာချိုပြီး အနည်းငယ်ဆိမ့်သည်။ ပဲပင်ပေါက်မှာ တစ်နှစ်တာကာလလုံး ရယူစားသုံးနိုင်သည့် ဟင်းသီးဟင်းရွက်တစ်မျိုးလည်းဖြစ်သည်။

ပါဝင်

ပဲပင်ပေါက်တွင် ပါဝင်သောဓာတ်များမှာ ကယ်လ်ဆီယမ်၊ ပိုတက်ဆီယမ်၊ သံဓာတ်၊ ဗီတာမင်စီနှင့် ဒီ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေတို့ ပါဝင်သည်။ ထို့အပြင် ဘေးထွက်ဆိုးကျိုးအနည်းဆုံး ဟင်းသီးဟင်းရွက်လည်းဖြစ်သည်။

လျော့နည်း

ပဲပင်ပေါက်ကို ပုံမှန်စားသုံးသွားပါက ဆီးအိတ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါတို့ဖြစ်ပွားမှု လျော့နည်းနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ထို့အပြင် ပဲပင်ပေါက်ကို ပုံမှန်စားသုံးသူများသည် ကိုလက်စထရောကျခြင်း၊ ခန္ဓာကိုယ်အတွင်း၌ အနာဖြစ်တည်မှုမရှိခြင်းအပြင် ဖျားနာမှုလည်း နည်းခြင်းကို သုတေသနပြုချက်အရ တွေ့ရှိရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အထောက်အကူပြု

အထူးသဖြင့် အမျိုးသမီးများ အသားအရေလှပစိုပြည်မှုကို ပဲပင်ပေါက်ပုံမှန်စားပေးခြင်းဖြင့် အထောက်အကူပြုနိုင်သည်ဟုဆိုသည်။

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်း လျှပ်စစ်မီးပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ခရမ်းစိုးမြင့်၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ဖျာပုံမြို့တွင် မုန်တိုင်းကြောင့် ကျိုးကျသွားခဲ့သော ဓာတ်တိုင်များကို မီးအမြန်ပြန်ပေးနိုင်ရေးအတွက် အစားထိုး အသစ်စိုက်ထူနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ရန်ကုန် မေ ၂၇

မုန်တိုင်းကြောင့် ဧရာဝတီတိုင်းတွင် ဓာတ်ကြိုးများ၊ ဓာတ်တိုင်များနှင့်ကြွေသီးများအပါအဝင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၃၂၂၀ ဒသမ ၃၀၃ သန်းခန့်ဆုံးရှုံးခဲ့ပြီး မုန်တိုင်း စတင်တိုက်ခတ်သည့် မေ၂ရက်ညတွင်ပင် ဧရာဝတီတိုင်းတစ်တိုင်းလုံး၌ လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားခဲ့ရသည်။

ဧရာဝတီတိုင်းတွင် မုန်တိုင်းမကျမီ ဓာတ်အားပေးထားမှုအခြေအနေ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လှိုင်သာယာနှင့် အသုတ်တို့မှ ဓာတ်အားခွဲရုံတို့မှတစ်ဆင့် ဧရာဝတီတိုင်းသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးထားခဲ့ရာ ဖျာပုံခရိုင် ဖျာပုံမြို့သို့ ကွမ်းခြံကုန်း ဒေးဒရဲကိုဖြတ်၍ ၃၃ကေဗွီဖြင့် ဓာတ်အားလိုင်း မိုင် ၁၁ ဒသမ ၇၅မိုင်၊ ဒေးဒရဲမှ-ကျိုက်လတ်ကို ၃၃ကေဗွီဖြင့် လိုင်းမိုင် ၁၄ ဒသမ ၅မိုင်၊ ဖျာပုံမှ ဘိုကလေးကို ၃၃ ကေဗွီဖြင့် လိုင်း မိုင် ၁၉ ဒသမ ၅မိုင်၊ ဖျာပုံမှ ကံ့ကူဒွန်းကို ၁၁ကေဗွီဖြင့် လိုင်းမိုင် ၁ မိုင်၊ ကနီသို့ ၁၁ကေဗွီဖြင့် လိုင်းမိုင် ၃မိုင်၊ မြင်းကကုန်းသို့ ၁၁ကေဗွီဖြင့် လိုင်းမိုင် ၉ဒသမ ၄မိုင်၊ မော်လမြိုင်ကျွန်းသို့ ၁၁ကေဗွီဖြင့် လိုင်းမိုင် ၁၇ဒသမ ၇မိုင်၊ ဒေးဒရဲမှ ဖျာပုံကို ၃၃ကေဗွီဖြင့် ၁၇ဒသမ ၅မိုင် စသည်တို့ဖြင့် လျှပ်စစ်ဓာတ်အားများ ပေးထားသကဲ့သို့ မအူပင်ခရိုင်၊ မြောင်းမြခရိုင်၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင် စသည့် ခရိုင်အသီးသီးရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်တို့သို့လည်း မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားများ ပို့လွှတ် ဖြန့်ဖြူးပေးထားခဲ့သည်။

ရပ်ဆိုင်းသွား

မေ ၂ရက်နှင့် ၃ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် မအူပင်၊ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ဝါးခယ်မ၊ ကျုံမငေး၊ ဟိုင်းကြီးကျွန်းမြို့တို့တွင် လျှပ်စစ်ဓာတ်အားလိုင်းမှ ဓာတ်တိုင်ပေါင်း ၂၉၂၈ တိုင်၊ လက်တန်းပေါင်း ၅၆၇၃ခု၊ ကြွေသီးပေါင်း ၂၃၀၀ ကျော်တို့ ပျက်စီးသွားပြီး လျှပ်စစ်မီးများလည်း ဧရာဝတီတစ်တိုင်းလုံး ရပ်ဆိုင်းသွားခဲ့သည်။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက ဧရာဝတီတိုင်းတွင် ပျက်စီးသွားသော ဓာတ်အားစနစ်အား အမြန်ပြုပြင်၍ ပြည်သူများသို့ ဓာတ်အား ပြန်လည်ပေးနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော အင်ဂျင်နီယာချုပ်များနှင့် အမှုဆောင် အင်ဂျင်နီယာများ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့အား ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့သို့ စေလွှတ်ပြီး မီးအမြန်လင်းရေး ကြိုးပမ်းခဲ့ရာ မုန်တိုင်းစဲပြီးနောက် နှစ်ရက်အတွင်း မေ ၅ရက် ညနေ ၄နာရီ ၁၅မိနစ်မှစ၍ ပုသိမ်မြို့၊ ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ရေကြည်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ပန်းတနော်၊ ဇလွန်မြို့များသို့ လျှပ်စစ်မီးများ ပြန်လည်ပေးနိုင်ခဲ့သည်။

ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ မြင်းကကုန်း၊ ဝါးခယ်မ၊ ကျုံမငေး၊ ဟိုင်းကြီးကျွန်း စသည့် မြို့နယ်တို့ကိုလည်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပို့ဆောင်ပေးလိုက်သည့် ကေဗွီအေ ၁၀၀ ဓာတ်အားပေးစက်ခြောက်လုံး၊ ၄၂ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံး၊ ပေါင်း မီးစက် ခုနစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားများပေးထားသဖြင့် ဧရာဝတီသည် ပြန်လည် မီးလင်းလျက်ရှိနေပြီဖြစ်သည်။

ရရှိနိုင်မည်

မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ်များကို လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် ဖျာပုံမြို့အတွင်း ပျက်စီးသွားသည့် ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ ၃၃ကေဗွီ ဓာတ်အားလိုင်းမှ ကျိုက်လတ်နှင့် ဖျာပုံကြား လိုင်းမိုင် ၁၅မိုင်အတွင်းရှိ ကွန်ကရစ် ဓာတ်တိုင် ၁၁၇တိုင်ကို မေ ၂၉ရက်တွင်လည်းကောင်း၊ ဘိုကလေးမြို့အတွက် ၃၃ကေဗွီလိုင်းမှ လိုင်းမိုင် ၁၉ဒသမ ၅မိုင်နှင့် ကွန်ကရစ် ဓာတ်တိုင် ၂၀၃တိုင်ကို အသစ်စိုက်ထူပြီး မေ ၃၁ရက်တွင် လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့အတွက် ၁၁ကေဗွီလိုင်းမှ လိုင်းမိုင် ၂၀အတွင်းရှိ ဓာတ်တိုင် ၃၅၈တိုင်နှင့် မြစ်ကူးတိုင် တစ်တိုင်တို့အား ဇွန် ၁၅ရက်တွင်လည်းကောင်း၊လပွတ္တာမြို့တွင် မုန်တိုင်းကြောင့် ပျက်စီးသွားခဲ့သော ကေဗွီအေ ၈၆၀ လျှပ်စစ် ဓာတ်အားပေးစက်အား မေ၃၀ရက်တွင်လည်းကောင်း၊ မြင်းကကုန်းအတွက် ဘိုကလေးမှ၁၁ကေဗွီဖြင့် လိုင်းမိုင် ၈ဒသမ ၇မိုင်အတွင်းမှ ဓာတ်တိုင်၂၄၁တိုင်ကို ဇွန် ၁၅ရက်တွင်လည်းကောင်း အပြီးပြုပြင်ပြီးစီးအောင် ကြိုးပမ်းကြမည်ဟု သိရသည်။ ဒေးဒရဲမြို့အတွက် လှိုင်သာယာ ဓာတ်အားခွဲရုံမှ လှိုင်သာယာ-ကွမ်းခြံကုန်း-ဒေးဒရဲတို့ကို ဖီဒါဖြင့် ဓာတ်အားပို့လွှတ်ထားသဖြင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် လှိုင်သာယာမှအထွက် ၃၃ကေဗွီတိုင်များ ပြိုလဲခဲ့သောကြောင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ လှိုင်သာယာမှ ကွမ်းခြံကုန်း - ဒေးဒရဲအထိ ဓာတ်အားလိုင်းများ ပြုပြင်ပြီးလျှင် ဓာတ်အားရရှိနိုင်မည်ဟု သိရသည်။

ယခုအခါ ဝါးခယ်မမြို့နယ်အတွက် မြောင်းမြ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဝါးခယ်မ လိုင်းမိုင် ၁၉မိုင်အတွင်းမှ ဓာတ်တိုင်ပေါင်း ၁၂၇တိုင်ကို မေ ၂၂ရက်တွင် လည်းကောင်း၊ ကျုံမငေးမြို့နယ်အတွက် ကျုံမငေး-ဝါးခယ်မ ၁၁ကေဗွီလိုင်းမှ လိုင်းမိုင် ၁၂မိုင်အတွင်း ဓာတ်တိုင် ၉၂တိုင်ကို မေ ၂၃ရက်က လည်းကောင်း၊ ဟိုင်းကြီးကျွန်းမြို့မှ မူလ ၃၅ကေဗွီအေ ဓာတ်အားပေးစက်နှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများကို အသီးသီးပြုပြင်ပြီးဖြစ်၍ မေ ၁၅ရက်မှစ၍ လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိနေပြီဟု သိရသည်။

မီးစက်များဖြင့်

ကျွန်တော်သည် ဖျာပုံတွင် တွေ့ဆုံခဲ့သော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်ဦးအောင်သန်းဦးကို မုန်တိုင်းကြောင့် ပျက်စီးသွားသော ဧရာဝတီတိုင်း မီးပြန်လင်းရေး ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ မေးကြည့်ရာ ဦးအောင်သန်းဦးက ''ဧရာဝတီတိုင်းကို မုန်တိုင်းကျရောက်ပြီးနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ တာဝန်ပေးချက်အရ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ဦးဆောင်ပြီး ကျွန်တော်အပါအဝင် အင်အား ၂၃ဦးရှိသော အဖွဲ့သည် မေ ၄ရက်မှာ ရန်ကုန်မှတစ်ဆင့် ဧရာဝတီတိုင်းသို့ ရောက်ရှိပါတယ်။ ပြည်နယ်နှင့် တိုင်းများမှ အကူအင်အား ၅၀၀ကျော်နှင့် ပူးပေါင်း၍ ဧရာဝတီတိုင်း၏ မြို့တော်ဖြစ်သည့် ပုသိမ်ကို မီးလင်းအောင် ဦးစွာ ဆောင်ရွက်ကြပါတယ်။ ဒါကြောင့် ပုသိမ်မြို့မှာ မေ ၅ရက် ညနေ ၄နာရီ၁၅မိနစ်တွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိခဲ့ပါတယ်။ ပုသိမ်မြို့နှင့်အတူ ထိုနေ့၌ပင် ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ရေကြည်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ပန်းတနော်၊ ဇလွန်မြို့တို့မှာလည်း မီးများ ပြန်လင်းခဲ့ပါတယ်။ ယခုအခါ ဧရာဝတီတိုင်းမှာ ၂၆မြို့နယ်ရှိသည့်အနက် ဓာတ်အားစနစ်နဲ့ ၂၁မြို့နယ်ကို မီးများပေးထားပြီး ကျန်ငါးမြို့နယ်ကို မီးစက်များဖြင့် မီးလင်းရေး ဆောင်ရွက်ထားပါတယ်''ဟု ရှင်းပြသည်။

၂၄နာရီကွပ်ကဲ

၎င်းနောက်ကျွန်တော်သည် ဓာတ်အားကွပ်ကဲရေးဌာနမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ထွန်းကို ဆက်လက်မေးကြည့်ရာ ဦးတင်မောင်ထွန်းက ''ကျွန်တော့်ရဲ့ တာဝန်က ဓာတ်အားပေးစက်ရုံကြီးတွေက ထွက်လာသည့် လျှပ်စစ်ဓာတ်အားတွေကို ၂၃၀ကေဗွီ၊ ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်းကြီးတွေကတစ်ဆင့် ပြည်နယ်နှင့်တိုင်း၊ မြို့၊ ရွာ၊ ရပ်ကွက်တွေကို ဓာတ်အားပေးပို့ရာမှာ ၃၃ကေဗွီဓာတ်အားလိုင်းတွေအထိ တာဝန်ယူရပါတယ်။ ကျွန်တော့်ရဲ့ ကွပ်ကဲမှုအောက်တွင် ဓာတ်အားလိုင်းထိန်းသိမ်းရေး ရှစ်ဖွဲ့နှင့် ဓာတ်အားခွဲရုံပေါင်း ၃၇ရုံရှိပါတယ်။ အဲဒီဓာတ်အားခွဲရုံတွေကို ဆက်သွယ်မှုလုပ်ပြီးတော့ ၂၄နာရီပတ်လုံး ကွပ်ကဲမှုများ ဆောင်ရွက်နေပါတယ်''ဟု ရှင်းပြသည်။

လျှပ်စစ်အန္တရာယ်

ဆက်လက်၍ ''မေ ၂ရက်နှင့် ၃ရက်က ဧရာဝတီတိုင်းကိုဖြတ်ပြီး ကျရောက်ခဲ့သည့် မုန်တိုင်းကာလအတွင်း စိုက်ထူထားသည့် ဓာတ်အားလိုင်းများ မြို့၊ ရွာအနှံ့၌ လဲကျခြင်းနှင့် ဓာတ်ကြိုးများပြတ်တောက်ခြင်း ဖြစ်ခဲ့သော်လည်း ပြည်သူတစ်ဦးတစ်ယောက်မျှ လျှပ်စစ်အန္တရာယ်နှင့်မကြုံခဲ့ရကြောင်း၊ မုန်တိုင်းတိုက်ခတ်တော့မည်ဟု သတိပေးကြေညာမှုများ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သတိပေးစဉ်ကတည်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက မုန်တိုင်းကျချိန်တွင် လျှပ်စစ်အန္တရာယ်မကြုံရအောင် ဓာတ်အားကွပ်ကဲရေးဌာနအနေဖြင့် ကြိုတင်ပြင်ဆင်ထားရန်နှင့် ဓာတ်အားဖြတ်တောက်ထားရန်လိုအပ်ချိန်တွင် မိမိထံ ခွင့်တောင်းစရာမလိုတော့ဘဲ ဆောင်ရွက်ခွင့် ကြိုတင်ပေးထားခြင်းကြောင့် ဖြစ်ကြောင်း။

''ထို့ကြောင့် မေ ၂ရက်နှင့် ၃ရက် မုန်တိုင်းကျရောက်ချိန်၌ တချို့မြို့၊ ခရိုင်များက ဓာတ်အားပိတ်သိမ်းပေးရန် မိမိတို့ထံ သတင်းပို့ချက်ရရှိခဲ့သော်လည်း တချို့ဒေသနှင့် အဆက်အသွယ် မရခဲ့ကြောင်း၊ သို့သော် ဧရာဝတီတိုင်းကို မုန်တိုင်းဝင်ရောက်ပြီဟု သိလျှင်သိချင်း မြန်မာနိုင်ငံအောက်ပိုင်းသို့ အဓိကပို့လွှတ်နေသည့် ဓာတ်အားခွဲရုံကြီးနှင့် အသုတ်ဓာတ်အားခွဲရုံအပါအဝင် ရွှေတောင်၊ တောင်ငူ၊ ပဲခူးအထိကို ဓာတ်အားများပိတ်ထားရန် စီစဉ်နိုင်ခဲ့ခြင်းကြောင့် လျှပ်စစ်အန္တရာယ် မကြုံခဲ့ကြောင်း'' ရှင်းပြသည်။

တပ်ဆင်

၎င်းက ဆက်လက်၍ ''မိမိတို့ ဓာတ်အားကွပ်ကဲရေးဌာနတွင် လျှပ်စစ်ဓာတ်အားများ လွှတ်ထားချိန်အတွင်း ဒေသတစ်ခု၌ ဓာတ်တိုင်များ လဲကျသွားပြီဆိုသည်နှင့် အလိုအလျောက်ဓာတ်အားများ ပိတ်သိမ်းပြီးဖြစ်သည့် နည်းစနစ်ကိုလည်း အသုံးပြုထားကြောင်း၊ ဘယ်နားကတိုင် လဲသလဲဆိုတာ မသိနိုင်သော်လည်း ဘယ်ဒေသက ဓာတ်တိုင်လဲသလဲဆိုတာကို သိနိုင်သည့် ကိရိယာများ တပ်ဆင်ထားပါကြောင်း''တို့ကို ရှင်းပြသည်။

ထို့နောက် ဒေသခံ ဖျာပုံခရိုင်မှ ခရိုင်နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်က ''မေ ၂ရက် ည ၇နာရီတွင် ဖျာပုံက မုန်တိုင်းဝင်မည်ဆိုတာ သိလျှင်သိချင်း ရန်ကုန် ဓာတ်အားကွပ်ကဲရေးဌာနကို တယ်လီဖုန်းဖြင့် ဓာတ်အားပိတ်ပေးရန် သတင်းပို့ခဲ့ကြောင်း၊ မုန်တိုင်းမှာ ပြင်းထန်သဖြင့် မိမိတို့ လျှပ်စစ်ဝင်းအတွင်းရှိ ခရိုင်ရုံးနှင့် ဝန်ထမ်းအိမ်များလည်း ပြိုသွားကြောင်း၊ မြို့တွင်း၌လည်း ဓာတ်တိုင်များ ပြိုလဲသွားကြောင်း၊ မုန်တိုင်းစဲသည့် မေ ၃ ရက် နံနက်တွင် ပြိုလဲသွားသည့် မိမိတို့ရုံးနှင့် အိမ်များကို ထားခဲ့ပြီး ရှိသည့်အင်အား ၁၈ ဦးနှင့် မြို့တွင်း လမ်းပိတ်လဲကျနေသည့် ဓာတ်တိုင်များကို ရှင်းခဲ့ပါကြောင်း'' ဖြင့် ရှင်းပြသည်။

ဆက်လက်ဆောင်ရွက်နေမှု

ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဓာတ်အားစနစ်ကို ပြန်လည်ပြုပြင်လျက်ရှိရာတွင် မြို့နယ်အလိုက် ဓာတ်အားပြန်လည်ရရှိနေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှု အစီအစဉ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်း၍ ပြည်သူများအားလုံး သိရှိမှုဝေခံစားနိုင်ကြရန် သတင်းဆောင်းပါး ရေးသားဖော်ပြလိုက်ရပါသည်။ ။

မုန်တိုင်းကြောင့် ကျိုးကျခဲ့သည့် မအူပင်-ကျိုက်လတ် ကားလမ်းဘေးမှ (၃၃)ကေဗွီဓာတ်အားလိုင်းအား လုပ်သားကြီးများ အသစ်စိုက်ထူနေကြစဉ်။

မုန်တိုင်းဒဏ်ကြောင့် ကျိုးကျပျက်စီးသွားခဲ့သော ညောင်တုန်းမြို့နယ်ရှိ လှိုင်သာယာ - ညောင်တုန်း (၃၃)ကေဗွီဓာတ်အားလိုင်းအား ရေထဲတွင် အသစ်ပြန်လည်စိုက်ထူနေကြစဉ်။

စီမံ / စီးပွားဝန်ကြီး ဦးစိုးသာအား ယူနီဆက်မှတာဝန်ရှိသူများတွေ့ဆုံ

ရန်ကုန် မေ ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား နယူးယောက်မြို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး MS.Anupama Rao Singh နှင့် ရန်ကုန်မြို့ရှိ ယူနီဆက်ရုံး ကိုယ်စားလှယ် Mr.Ramash Shrestha နှင့် ဒုတိယကိုယ်စားလှယ် Ms.Juanita Vasquez တို့သည် ယမန်နေ့ ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာ၌ ယူနီဆက်မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံချက်များနှင့် လေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကူအညီပေးမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆန်းကြွယ်ရွာ မစိုးရိမ်ကျောင်း သံဃာတော်များက ငွေကျပ် ၃၅သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့ များသို့ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ပေးမည့် ရွှေနဒီသင်္ဘော ထွက်ခွာ

ရန်ကုန် မေ ၂၇

ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမည့် ရွှေနဒီသင်္ဘောသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ်(၁) ဆိပ်ခံတံတားမှ ထွက်ခွာသွားသည်။

တင်ဆောင်

အဆိုပါသင်္ဘောတွင် နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ မိုးကာများ၊ မိုးကာလိပ်များ၊ မီးအားပေးစက်များ၊ ရေသန့်စင်စက်များ၊ စောင်များ၊ ရေသန့်ဘူးများနှင့် ဆေးပစ္စည်းများ စသည့် ထောက်ပံ့ရေးပစ္စည်းတန် ၁၄၀ ကျော်ကို တင်ဆောင်သွားသည်။ **(သတင်းစဉ်)**

လေဘေးသင့် ပြည်သူများအတွက် ဖိနပ်များလှူဒါန်း

ရန်ကုန် မေ ၂၇

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ အလှူရှင် ဝေဒီဖိနပ်စတိုးနှင့် Lily Shoe Collection (လီလီ Shoe Collection) မိသားစုက ငွေကျပ် ၁၇၅သိန်းတန်ဖိုးရှိ နိုင်ငံခြားဖိနပ်(ကျား+မ)အရန် ၂၀၅၀ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၇

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသ ပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ဦးအရိယ (ရန်ကင်းစေတီကျောင်း၊ မရမ်းကုန်းမြို့နယ်က ကျပ်နှစ်သောင်း)၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ သားသမီး မြေးများက ကျပ် ၁၀သိန်း၊ ဦးသောင်းဝင်းနှင့် ဒေါ်အေးအေး၊ သမီး မမေဝင်းသူ၊ သား မောင်ကျော်ခိုင်ဝင်း မိသားစု၊ အင်းစိန်မြို့နယ်တို့က ကျပ်တစ်သိန်း၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆန်းကြွယ်ရွာ မစိုးရိမ်ကျောင်း သံဃာတော်များက ကျပ် ၃၅သိန်း၊ ဥက္ကံ-လသာယာဉ်လိုင်း မော်တော်ယာဉ်အသင်း ဥက္ကံမြို့က ကျပ် ၁၁၄၅၀၀၊ အမေရိကန်နိုင်ငံ စစ်သံမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် ဒေါ်ခင်နှင်းအေး မိသားစုက ကျပ်ငါးသိန်း၊ မောင်ဖြိုးဟန်အောင် (ခေတ္တစင်ကာပူ) ဗိုလ်တထောင်မြို့နယ်က ကျပ်တစ်သိန်း၊ စိန်ပန်းထိမ် ဦးထွန်းအောင်နှင့် ဒေါ်ထွေးကြည်မိသားစု ဗိုလ်တထောင်မြို့နယ်က ကျပ်တစ်သိန်း၊ ကိုကျော်မြင့်နှင့် မအေးအေးမာ မိသားစု စမ်းချောင်းက ကျပ်ငါးသောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိသားစု နေပြည်တော်က ကျပ်တစ်သိန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မြဝတီစခန်းက ကျပ် ၅၈သိန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန (စီမံ) နေပြည်တော်က ကျပ် ၃၁၀၀၀၀၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မွန္တလေးက ကျပ် ၃၄၇၅၀၀၀၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန လွယ်ဂျယ်က ကျပ်သိန်း ၂၀၊ Golden Comet Co., Ltd. အမှတ် ၃၄ ပုဇွန်တောင်မြို့နယ်က ကျပ်သုံးသိန်း၊ ဒေါ်စောမြ မိသားစု တာမွေမြို့နယ်က ကျပ်တစ်သောင်း၊ ဒေါ်စန္ဒာ ဒဂုံမြို့နယ်က ကျပ်တစ်သောင်း၊ ဦးတင်ငွေ (ပြန်ကြားရေးနှင့် ဆက်သွယ်ရေး) မြန်မာနိုင်ငံ စစ်တပ်ရင်အဖွဲ့ချုပ် တိုက် ၅၄ အခန်း ၁၁ ဖဆပလ မင်္ဂလာတောင်ညွန့်မြို့နယ်က ကျပ်သုံးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံ စစ်သံရုံး မိသားစုများက အမေရိကန်ဒေါ်လာ ၃၅၀၊ ဗီယက်နမ်နိုင်ငံရှိ မြန်မာသံရုံးမှ လက်ခံရရှိသော လှူဒါန်းငွေ ယူရို ၂၁၉၃၅ဒသမ ၉၄၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှ လက်ခံရရှိသော လှူဒါန်းငွေ ယူရို ၂၉၄၁၂ဒသမ ၂၃ တို့ဖြစ်သည်။

ယနေ့ မေ ၂၇ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၇၇၁၉၅၀၀၊ အမေရိကန်ဒေါ်လာ ၃၅၀နှင့် ယူရိုငွေ ၅၁၃၄၈ဒသမ ၁၇ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယား အနုပညာရှင်များ

ဆိုးလ် မေ ၂၇

ကမ္ဘာတစ်ဝန်းမှ ပရိသတ်များ အထူးနှစ်ခြိုက်အားပေးမှုကို ခံနေရသည့် တောင်ကိုရီးယားနိုင်ငံမှ ရုပ်ရှင်အနုပညာရှင်အချို့၏ လှုပ်ရှားမှုများကို စုစည်းဖော်ပြလိုက်ပါတယ်။

သီချင်း အယ်လ်ဘမ်အသစ် ထုတ်ဦးမည့် 'ရိန်း'။

အဆိုတော်နှင့်ရုပ်ရှင်သရုပ်ဆောင်ရိန်း

အသက် ၂၆နှစ်ကို လာမယ့် ဇွန် ၂၅ရက်မှာပြည့်မယ့် အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင် ရိန်းကတော့ သူပါဝင်သရုပ်ဆောင်ထားတဲ့ "Speed Racer" ရုပ်ရှင်ဇာတ်ကားကို အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာ မကြာခင်ကျင်းပမယ့် တရီဘီကာရုပ်ရှင်ပွဲတော်မှာ ပါဝင်ဆင်နွှဲနိုင်ဖို့ ပြင်ဆင်နေပါတယ်။

ဒါ့အပြင် ရိန်းဟာ ပြီးခဲ့တဲ့နှစ်က သွားရောက်ဖျော်ဖြေခဲ့တဲ့ တရုတ်၊စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်နဲ့ ကနေဒါနိုင်ငံတို့ရဲ့ ဖျော်ဖြေပွဲမှတ်တမ်းကို "World Tour" အမည်နဲ့ တေးအယ်လ်ဘမ်ထုတ်လုပ်မှာမို့ တာဝန်ယူထုတ်လုပ်ဖြန့်ချိမယ့်သူတွေနဲ့ ဆွေးနွေးညှိနှိုင်းနေပါတယ်။

အခုလောလောဆယ်မှာတော့ အမေရိကန်နိုင်ငံ နာမည်ကြီးရုပ်သံအစီအစဉ်မှာ ရိန်းရဲ့အကနဲ့ တေးသီချင်းသီဆိုဖျော်ဖြေမှုကို ထုတ်လွှင့်ဖို့စီစဉ်နေတာမို့ ရိန်းရဲ့ ဖျော်ဖြေမှုပုံရိပ်တွေဟာ အမေရိကန်နိုင်ငံတစ်ဝန်းမှာ မကြာမီအချိန်မှာ မြင်တွေ့ရပါတော့မယ်။

ဆုန်ဒေါင်ဟန့် (ဘေယောင်ဂျွန်)

တောင်ကိုရီးယားနိုင်ငံရဲ့ အကျော်ကြားဆုံး သရုပ်ဆောင်တွေထဲမှာ ဆုန်ဒေါင်ဟန့် (ဘေယောင်ဂျွန်)လည်း ပါဝင်နေပါတယ်။ ၂၀၀၈ခုနှစ်ရဲ့ လူကြိုက်အများဆုံး တောင်ကိုရီးယား အမျိုးသားသရုပ်ဆောင်တွေထဲမှာတော့ ဘေယောင်ဂျွန်က တတိယနေရာမှာရှိပါတယ်။

ရုပ်ရှင်ဇာတ်ကားအသစ်တွေ ရိုက်မယ့် 'အွန်စော'။

ဘေယောင်ဂျွန် ပါဝင်သရုပ်ဆောင်ထားတဲ့ 7-eleven ရုပ်ရှင်ဇာတ်ကားဟာ အခုအချိန်မှာ တောင်ကိုရီးယားပရိသတ်အားပေးမှုနဲ့ စိတ်ဝင်တစားစောင့်ကြည့်မှုအခံရဆုံး ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ မေ ၇ရက် ည ၈နာရီက ဆိုးလ်မြို့မှာရှိတဲ့ ဘေယောင်ဂျွန်ရဲ့အိမ် မီးလောင်ခံရလို့ ပျက်စီးဆုံးရှုံးမှုဟာ ဝမ်ငွေ ၁၀သန်းလောက်ရှိတယ်လို့ ဆိုပါတယ်။ ထိခိုက်ဒဏ်ရာရရှိမှုတော့ မရှိခဲ့ပါဘူးလို့ ဆိုပါတယ်။ ဘေယောင်ဂျွန်ဟာ လောလောဆယ်မှာ ဒရမ်မာရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုရိုက်ကူးဖို့ စီစဉ်နေတာမို့ ပရိသတ်တွေ အကြိုက်တွေ့ကြဦးမှာ ဖြစ်ပါတယ်။

အွန်စော(ဆောင်ဟေကို)

ကမ္ဘာကျော် သရုပ်ဆောင်မင်းသမီးတွေထဲမှာ တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင် အွန်စောလည်း ပါဝင်နေပါတယ်။ ကြည်လင်ရှင်းသန့်တဲ့ အွန်စောရဲ့ သရုပ်ဆောင်မှုတွေကို ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ နှစ်ခြိုက်အားပေးကြတယ်လို့ ဆိုပါတယ်။

အွန်စောဟာ သူမပါဝင်သရုပ်ဆောင်ထားတဲ့ "၁၉၄၉" အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ ပါဝင်ဆင်နွှဲဖို့ စီစဉ်နေပါတယ်။ အွန်စောဟာ ဒီနှစ်ထဲမှာ ရုပ်ရှင်ဇာတ်ကားအသစ်တွေ ရိုက်ကူးဖို့လည်း ဒါရိုက်တာ ဂူနဲ့ ဆွေးနွေးနေတဲ့အပြင် အာရှနိုင်ငံတွေဖြစ်တဲ့ တရုတ်နှင့် ဂျပန်နိုင်ငံတွေကို ခရီးထွက်ပြီး သူ့ပရိသတ်တွေနဲ့တွေ့ဆုံဖို့ အစီအစဉ်လည်း ရှိနေပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေကို ခရီးထွက်ဦးမယ့် 'ဘိုရာ'။

ပြည်ပအနုပညာသတင်း မိုးမြင့်လင်းလက် စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

တောင်ကိုရီးယားရဲ့ လူကြိုက်အများဆုံးအနုပညာရှင် 'ရှုန်ဒေါင်ဟန့်'။

ဂျန်နာရာ (ဘိုရာ)

တောင်ကိုရီးယားနိုင်ငံရဲ့ ၂၀၀၈ ခုနှစ်မှာ ပရိသတ်အားပေးခံရမှုအရှိဆုံး အမျိုးသမီး သရုပ်ဆောင်တွေထဲမှာတော့ ဂျန်နာရာ(ဘိုရာ)လည်း တတိယနေရာမှာ ရှိနေတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။

ဂျန်နာရာ အနေနဲ့ အခုလောလောဆယ်မှာတော့ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှာ ငလျင်ဒဏ်ခံရတဲ့သူတွေအတွက် လူသားချင်း စာနာထောက်ထားမှုအဖြစ် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ လှူဒါန်းလိုက်ပြီဖြစ်ပါတယ်။

ဒါ့အပြင် ဂျန်နာရာ(ဘိုရာ)အနေနဲ့ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့ကို ရုပ်ရှင်ရိုက်ကူးရေးနဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေပြုလုပ်ဖို့ မကြာခင် ခရီးထွက်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တောင်ကိုရီးယား ရုပ်ရှင်အနုပညာရှင်တွေဟာ သူတို့ရဲ့ အနုပညာနဲ့ လူမှုရေး ဆောင်ရွက်မှုတွေနဲ့အတူ လှုပ်လှုပ်ရှားရှား ရှိနေပါကြောင်း။ ။

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုယ်အားစိတ်အားရှိသမျှ လှူနိုင်တန်းနိုင်ကြပါသည်

ကျော်ရဲမင်း

"နာဂစ်" ဆိုတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကတော့ လွန်ခဲ့ပါပြီ။

နာဂစ်မုန်တိုင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းမှာ မကြုံစဖူး ထူးကဲ ပြင်းထန်လှပြီး အဖျက်စွမ်းအား အလွန်ပဲ ကြီးမားတဲ့ မုန်တိုင်းကြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း မုန်တိုင်းဦးတည်ဖြတ်သန်း တိုက်ခတ်သွားတဲ့ ဧရာဝတီတိုင်း ခုနစ်မြို့နယ်နဲ့ ရန်ကုန်တိုင်း မြို့နယ် ၄၀တို့မှာ လူနေအိမ်ခြေ အဆောက်အအုံ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရပြီး လေပြင်းအပြင် ဒီလှိုင်းကြီးများပါ ဖုံးလွှမ်းသွားခဲ့တဲ့အတွက် လူ၊ တိရစ္ဆာန် အမြောက်အမြား သေကျေပျက်စီးခဲ့ကြရပါတယ်။ တချို့ ကျေးရွာတွေနဲ့ လယ်တဲတွေ၊ တံငါတဲတွေဟာ လုံးဝ ကွယ်ပျောက်သွားခဲ့ရပါတယ်။

ဒါကြောင့်လည်း မေ ၃ရက် မုန်တိုင်းတိုက်နေစဉ်ကာလအတွင်း မှာပဲ ဝန်ကြီးချုပ်ဦးဆောင်တဲ့ အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီ အရေးပေါ်အစည်းအဝေးပြုလုပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေကို ချက်ချင်းစတင်ခဲ့ကြပါတယ်။ ဒီလို အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့်သတ်မှတ်လို့ ကယ်ဆယ် စောင့်ရှောက်ရေးလုပ်ငန်းတွေကို အပြင်းအထန် ကြိုးပမ်းဆောင်ရွက် ခဲ့ကြတဲ့အတွက် အိုးမဲ့အိမ်မဲ့ပြည်သူအများစုကို ကယ်တင်နိုင်ခဲ့ပြီး နောက်တန်းစခန်းငါးခု၊ အလယ်တန်းစခန်း ၁၅ခုနဲ့ ရှေ့တန်းစခန်း ၁၂ခုတို့မှာ အိုးမဲ့အိမ်မဲ့ပြည်သူ ၁၀သိန်း ဖိသောင်း ၄ထောင်ကျော်ကို ရွှေ့ပြောင်း နေရာချထားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အလှမ်းဝေးတဲ့ အစွန်အဖျားကျေးရွာများကိုလည်း စက်လှေ၊ ရဟတ်ယာဉ်တွေနဲ့ ရေနဲ့ရိက္ခာတွေ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

လက်ရှိ အခြေအနေမှာတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေ အတော်အသင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ။ အသက်ရှင် ကျန်ရစ်သူ အားလုံး ဆက်လက် အသက်ရှင်နေထိုင်နိုင်ရေးအတွက် အစားအစာ၊ ရေ၊ ရိက္ခာ၊ အဝတ်အထည်နဲ့ နေရာထိုင်ခင်းတွေပေးပြီး ကူညီ စောင့်ရှောက်ထားနိုင်ခဲ့ပါပြီ။ ဒီလို အောင်မြင်စွာ ကယ်ဆယ် စောင့်ရှောက်မှုပေးနိုင်ခဲ့ခြင်းဟာလည်း ပြည်တွင်းပြည်ပ စေတနာရှင် များရဲ့ လှူဒါန်းမှုက အခရာကျလှပါတယ်။ ပြည်တွင်းပြည်ပ အလှူရှင် များက လှူဒါန်းတဲ့ပစ္စည်းတွေကို ဒုက္ခသည်တွေဆီ အမြန်ဆုံးရောက် အောင် မော်တော်ကား၊ ရဟတ်ယာဉ်၊ စက်လှေ၊ အရပ်သင်္ဘော၊ စစ်သင်္ဘော ရသမျှယာဉ်အားလုံးကိုသုံးပြီး ချက်ချင်းဖြန့်ဝေ ပို့ဆောင် ပေးနေတာတွေလည်း နေ့စဉ်ကြားသိ တွေ့မြင်နေရပါတယ်။

လောလောဆယ် ပြဿနာကတော့ ဒုက္ခသည်တွေအတွက် စားရေး၊ ဝတ်ရေး အဆင်ပြေပေမယ့် မုတ်သုံမိုးနဲ့အတူ လုပ်ငန်းခွင် ပြန်ဝင်နိုင်ဖို့ အမိုးအကာအဖြစ် တဲအိမ်တွေကို အမြန်ဆောက်လုပ် ပေးနေပါတယ်။ ပြည်တွင်းမှာရနိုင်တဲ့ သစ်ဝါးတွေနဲ့ တဲတွေဆောက် ပေးနေသလို အလှူရှင်တွေ လှူဒါန်းတဲ့ မိုးကာတဲတွေ၊ တာပေါ်လင်၊ ပလတ်စတစ်စတွေနဲ့ ယာယီမိုးကာပေးမှုတွေလည်း လုပ်နေရပါတယ်။

စာသင်ကျောင်း၊ ဆေးရုံ၊ ဌာနဆိုင်ရာ အဆောက်အအုံနဲ့ လူနေ အိမ်များကိုလည်း သွပ်ပြားများပြန်မိုးပြီး ပုံမှန်လုပ်ငန်း ဆောင်ရွက်နိုင် အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ပြည်တွင်းပြည်ပအလှူရှင်တွေရဲ့ လှူဒါန်းမှုအားဟာ အရေးပါလှသလို သိပ်ပြီးတော့လည်း ကျေးဇူးတင်စရာကောင်းလှပါတယ်။

အစိုးရဘက်က ကယ်ဆယ်၊ ကူညီ၊ စောင့်ရှောက်ရေးလုပ်ငန်းတွေ အတွက် ကျပ်ငွေ ၅ ဘီလီယံကို ကနဦးချက်ချင်းသုံးစွဲခဲ့ပြီး ယခုအချိန် အထိ ကျပ်ငွေ ၇၀ ဘီလီယံအထိ သုံးစွဲခဲ့ပြီးပါပြီ။ ပြည်ပအလှူရှင် နိုင်ငံတွေ၊ INGO တွေ၊ NGO တွေ၊ UN နဲ့ လက်အောက်ခံ အေဂျင်စီတွေ၊ တစ်သီးပုဂ္ဂလတွေက လှူဒါန်းတဲ့ငွေကြေးနဲ့ ပစ္စည်းပမာဏ တွေဟာလည်း မနည်းလှပါဘူး။ ဒါ့အပြင် ပြည်တွင်းက အားလုံးသော စေတနာရှင်ပြည်သူတွေရဲ့ ငွေအား၊ ပစ္စည်းအား၊ လူအား၊ လုပ်အား လှူဒါန်းမှုတွေကလည်း တကယ့်ကို ဝမ်းမြောက် ဂုဏ်ယူဖွယ်ကောင်း လောက်အောင် သဒ္ဓါထက်သန် ကြီးမားများပြားလှပါတယ်။

ပထမအဆင့် ကူညီ၊ ကယ်ဆယ်၊ ယာယီနေရာချထားရေး အပိုင်းမှာ အတော်အသင့် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်တဲ့အတွက် ဒုတိယဆင့် အနေနဲ့ ဒေသခံပြည်သူတွေနဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်းတွေ၊ နေအိမ်၊ ကျောင်း၊ ဆေးခန်းတွေ ပြန်လည်ဆောက်လုပ် ပေးဖို့၊ ဒါ့အပြင် သူတို့ဘဝ ရပ်တည်နိုင်ရေးအတွက် ပျက်စီးဆုံးရှုံး သွားတဲ့ ကျွဲနွားတွေ၊ ထွန်စက်တွေ၊ မျိုးစပါးတွေ၊ ငါးဖမ်းလှေတွေ၊ ငါးဖမ်းပိုက်တွေနဲ့ ဆားဖိုတွေကိုပြန်လည် ဖြည့်ဆည်းဆောင်ရွက်ပေးကြ ရဦးမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ဖို့ အတွက် ကုလသမဂ္ဂနဲ့ အာဆီယံတို့ ပူးတွဲကမကထပြုလုပ်တဲ့ နိုင်ငံတကာမှ ငွေကြေးအကူ အညီများနဲ့ အခြားအကူအညီများ ကတိကဝတ်ပြုတဲ့ ညီလာခံကို မကြာမီကပဲ ရန်ကုန်မြို့မှာ ကျင်းပခဲ့ပြီးဖြစ်တာ အားလုံးအသိပါ။ ဒီလို နိုင်ငံတကာ အကူအညီတွေနဲ့တန်းတူ ပြည်တွင်းကအားလုံးသော စေတနာရှင် ပြည်သူတွေရဲ့ ကူညီလှူဒါန်းမှုအစုစုဟာလည်း တစ်ခန်း တစ်ကဏ္ဍအနေနဲ့ အရေးပါနေဦးမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဘာသာ တရားရဲ့ အဆုံးအမနဲ့အညီ လှူရေး၊ တန်းရေး လက်မနှေးကြပါဘူး။ တစ်မူးရရင် တစ်ပဲလှူဖို့ တွေးနေတဲ့သူတွေပါ။ အမှန်တကယ် လိုအပ် မယ်သာဆိုရင် ငွေကြေးပစ္စည်းဥစ္စာသာမက ခြေလက်ခန္ဓာ၊ အသက် သွေးသားကိုပါ လှူဒါန်းဖို့ ဝန်မလေးတဲ့ လူမျိုးပါ။ ဒါကြောင့်လည်း အခုလို နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသား သွေးချင်းမောင်နှမတွေ ဆင်းရဲဒုက္ခ ကြုံကြရပြီဆိုတော့ တစ်နိုင်ငံလုံး မှာရှိတဲ့ တိုင်းရင်းသား ပြည်သူအပေါင်းက သောင်းသောင်းဖြဖြ လှူကြ၊ တန်းကြ၊ ကူကြ၊ ကယ်ကြ၊ စောင့်ရှောက်ကြတာ တကယ့်ကို အားရ စရာပါပဲ။ အယုတ်၊ အမြတ်မရွေး သဒ္ဓါတစ်အား နည်းများမဆို လှူဒါန်းကြတဲ့ လှူဒါန်းမှုငွေကြေး ပစ္စည်းပမာဏကလည်း အံ့မခန်း ပါပဲ။ လှူကြ တန်းကြသူတွေအတွက် ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ရသလို အလှူကို လက်ခံရရှိတဲ့ ဒုက္ခသည်တွေအတွက်လည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရပါတယ်။

ဒါပေမယ့် အခုတလောမှာ လေဘေးသင့်ပြည်သူတွေအပေါ် လှူဒါန်းမှုတွေနဲ့ပတ်သက်ပြီး ပိတ်ပင်မှုတွေရှိနေသလိုလို၊ လွတ်လွတ် လပ်လပ်ပဲ လှူဒါန်းခွင့် မရသလိုလို ပြည်သူများအကြား သို့လောသို့လော ဖြစ်စရာသတင်းတွေကို လေပုပ်ထုတ် အသံလွှင့်ဌာနတွေဆီက ထပ်ကာ ထပ်ကာ ကြားနေရပါတယ်။ တကယ်တော့ ဒီသတင်းတွေဟာ အမှန် မဟုတ်ပါဘူး။ အလှူအတန်းရက်ရောပြီး သဒ္ဓါတရားထက်သန်တဲ့ ဗုဒ္ဓဘာသာနိုင်ငံမှာ ဒီသတင်းမျိုးဟာ လက်ခံနိုင်စရာလည်း မရှိ ပါဘူး။

တကယ်တော့ စေတနာရှင်ပြည်သူတိုင်း မည်သူမဆို အကန့်အသတ်မရှိ လွတ်လွတ်လပ်လပ် စိတ်ကြိုက် လှူဒါန်းခွင့် ရှိပါတယ်။ အလှူရှင်အနေနဲ့ ကိုယ်လှူဒါန်းချင်တဲ့ပုဂ္ဂိုလ်၊ ကိုယ် လှူဒါန်းချင်တဲ့ နေရာဒေသအရောက် သွားရောက်ပြီး ကိုယ်ထိ လက်ရောက် လှူဒါန်းခွင့်ရှိပါတယ်။ သက်ဆိုင်ရာကလည်း လှူဒါန်းမှုအစုစုအတွက် တားဆီးပိတ်ပင် ကန့်သတ်ခြင်း လုံးဝ (လုံးဝ)မရှိပါဘူး။ အမှန်တကယ် လိုအပ်နေတဲ့အတွက် လှူပါ၊ လှူပါလို့ တိုက်တွန်းဆော်ဩနေရတဲ့အချိန်မှာ လှူဒါန်းမှုကို အဟန့် အတားလုပ်စရာလည်း အကြောင်းမရှိပါဘူး။ အားလုံးသော စေတနာရှင်ပြည်သူတွေက များနိုင်သမျှများများ လှူကြတန်းကြ ထောက်ပံ့ကြမှသာ ဒုက္ခသည်ပြည်သူတွေအတွက် များများကြီး ထိရောက် အကျိုးရှိ အဆင်ပြေမှာ မဟုတ်လား။

ဒါပေမယ့် ကိုယ်တွေ့ကြုံခဲ့တဲ့သူတွေဆီက သိရ၊ ကြားရတာလေး တွေ၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့၊ ကြားရ သိရတာလေးတွေကို လည်း စေတနာရှင် အလှူရှင်တွေ ဝေဖန်ချင့်ချိန်နိုင်အောင် ဖောက်သည် ချချင်ပါသေးတယ်။ ကျွန်တော်ကြားမိသလောက် တချို့ဒေသတွေမှာ အလှူရှင်တွေက ကားပေါ်ကနေ မုန့်တွေ၊ ပစ္စည်းတွေ ပစ်ချပြီး လှူဒါန်း ကြတဲ့အတွက် အဲဒါကို စောင့်ပြီးကောက်ဖို့ လမ်းဘေးဝဲယာ တစ်လျှောက်မှာ လူတွေအများကြီး ဖြစ်နေပါသတဲ့။ အဲ့ဒီ လူတွေထဲမှာ အမှန်တကယ် လေဘေးဒဏ်သင့်ပြီး ဒုက္ခရောက်နေသူအချို့ ပါနိုင် သလို အရချောင်တယ်ဆိုပြီး လာလုကောက်နေတဲ့ မတော်လောဘသား တချို့လည်း ပါကောင်းပါနေမှာပါ။ လမ်းဘေးမှာ ရောက်နေတဲ့လူစုဟာ စာရင်းမရှိ၊ ဇာစ်မြစ်မရှိ၊ ဘယ်ရွာ၊ ဘယ်ဒေသကဆိုတာ ဘယ်သူမှ တာဝန်မယူနိုင်ပါဘူး။

တာဝန်ယူနိုင်တယ်ပဲ ထားပါတော့၊ လေဘေးဒုက္ခသည် မှန်တယ်ပဲ ထားပါတော့၊ လှူတဲ့တန်းတဲ့နေရာမှာ မိမိတို့ရဲ့ သဒ္ဓါ တရားကိုအခြေခံပြီး မေတ္တာရှေ့ထားကာ အလှူခံပုဂ္ဂိုလ်ကိုလည်း လေးစားမှုနဲ့ လှူဒါန်းသင့်ကြပါတယ်။ အခုလို လမ်းဘေးမှာ ပစ်ချပေးဝေလို့ အလှူခံပုဂ္ဂိုလ်တွေက အလုအယက်လိုက်ကောက် နေကြရတဲ့ အနေအထားမျိုးကတော့ နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ် သိက္ခာကို ထိခိုက်စေနိုင်တယ်လို့ ယူဆမိပါတယ်။ အလှူခံပုဂ္ဂိုလ် တွေရဲ့ အဆင့်အတန်းကို နှိမ့်ချရာရောက်သလို အလှူရှင်ရဲ့ စေတနာ ထက်သန်မှုကိုလည်း တလွဲအထင်မှားစရာ ဖြစ်စေနိုင် ပါတယ်။ အလှူရှင်က လေးလေးစားစား လှူဒါန်းသင့်သလို အလှူခံပုဂ္ဂိုလ်ကလည်း ငြိမ်းငြိမ်းချမ်းချမ်း ဝမ်းမြောက်ဝမ်းသာနဲ့ သိက္ခာရှိရှိ လက်ခံစေသင့်ပါတယ်။ အခုလို ကားပေါ်က ပစ်ချတဲ့ မုန့်တွေ၊ ပစ္စည်းတွေကို အလုအယက် ကောက်ကြ ယူကြ၊ ဆွဲကြ လွဲကြရင်း ခိုက်ရန်ဖြစ်ပွားမှုတွေ ဖြစ်လာမယ်။ တစ်ဦးချင်း ခိုက်ရန် ဖြစ်ပွားမှုကနေ ကျေးရွာအလိုက်၊ အုပ်စုအလိုက် ပဋိပက္ခတွေ ဖြစ်လာမယ်ဆိုရင် အလှူရှင်တွေလည်း ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်သလို အလှူခံပုဂ္ဂိုလ်တွေအတွက်လည်း အကျိုးထက်အပြစ် က ပိုများသွားမှာဖြစ်ပါတယ်။ တကယ့်ကို ဆင်ခြင်သင့်တဲ့ ကိစ္စပါ။

နောက်တစ်ခုက အဲဒီလို လမ်းဘေးမှာ တွေ့တဲ့လူတွေကို အပျော်သဘော ကားပေါ်က ပစ်ချလှူဒါန်းရင်းကနေ လူအား ကောင်းလာပြီး ကားတွေကို အတင်းအဓမ္မ ရပ်တန့်စေပြီး တောင်းယူတာတွေ၊ ဒီနေရာမှာ မလှူခဲ့ရင် ဆက်သွားခွင့် မပြုဘူးဆိုတာတွေအထိ ဖြစ်လာနိုင်ပါတယ်။ ဒါဆိုရင် အလှူရဲ့ သဘောကနေ အဓမ္မပြတိုက်တဲ့သဘော ဆောင်သွားပြီ။ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပါ။ တချို့ဆိုရင် အဲဒီလိုမျိုးအခြေ အနေအထိ ကြုံခဲ့ရတယ်လို့ ဆိုပါတယ်။ တချို့အလှူရှင်တွေ ဆိုရင်လည်း မိမိသွားလိုရာဒေသကို သွားရောက်လှူဒါန်းရာမှာ ပစ္စည်းအကုန်လုံး မလှူခဲ့ဘဲ အပြန်မှာ၊ လမ်းမှာ စောင့်နေတဲ့ လူစုတွေကိုပေးဖို့ ချန်ထားခဲ့ရတဲ့အထိ အန္တရာယ်ရှိနေတာကို ကြားသိရပါတယ်။ စေတနာ သုံးတန်ပြဋ္ဌာန်းပြီး လှူတာ တန်းတာ တောင်မှ စိတ်အေးချမ်းသာ မဖြစ်ရတဲ့ အခြေအနေမျိုးပါ။

အခုအချိန်မှာ နာဂစ်လေဘေးကို နိုင်ငံရေးအရ ခုတုံးလုပ် အသုံးချဖို့ ကြိုးပမ်းနေသူတွေ ရှိနေပါတယ်။ အလှူကို အကြောင်း ပြုပြီး မရိုးမဖြောင့် လုပ်ရပ်တွေကြောင့် တကယ့်စေတနာကောင်းနဲ့ လှူဒါန်းလိုကြတဲ့ ရိုးသားတဲ့ အလှူရှင် ပြည်သူတွေအတွက် မလိုလားအပ်တဲ့ ကန့်သတ်မှုတွေ၊ အဟန့်အတားတွေ မဖြစ်စေ လိုပါဘူး။ ဒါ့ကြောင့် သာမန်အလှူရှင် ပြည်သူတွေအနေနဲ့ နိုင်ငံရေး အမြတ်ထုတ်ချင်တဲ့ အမည်ခံအလှူရှင်တွေရဲ့ မရိုးမသား လုပ်ရပ် တွေကိုလည်း သတိပြုဆန့်ကျင်သွားကြဖို့ လိုအပ်ပါတယ်။

စေတနာရှင်ပြ[...] လွတ်လွတ်လပ်လပ်[...] အလှူရှင်အနေ[...] ချင်တဲ့ နေရာဒေသ[...] လှူဒါန်းခွင့်ရှိပါတယ်[...] သက်ဆိုင်ရာက[...] ပိတ်ပင် ကန့်သတ်[...] အမှန်တကယ်[...] တိုက်တွန်းဆော်ဩ[...] လုပ်စရာလည်း အ[...]

သက်ဆိုင်ရာ မြို့နယ်အဆင့်တာဝန်ရှိသူ[...] ကနေ အလှူပစ္စည်းများပစ်ချပေးနေတဲ့အတွက် [...] အလှူရှင်များကို စောင့်မျှော်နေပြီး အချောင်ရ[...] စေတနာရှင်ပြည်သူများအနေနဲ့ လမ်းဘေး[...] မပြုဘဲ သက်ဆိုင်ရာ လေဘေးကယ်ဆယ်ရေး[...] ဆက်သွယ်ညှိနှိုင်း လှူဒါန်းကြရန် မေတ္တာ[...] စက်တွေနဲ့ လှည့်လည်ကြေညာနေတယ်လို့[...]

လှူတဲ့သူတွေကလည်း အထက်မှာ[...] ပစ်ချပေးနေခြင်းဟာ ဒေသခံဒုက္ခသည်တွေ[...] နှစ်ရာရောက်စေတယ်ဆိုတာကို နားလည်[...] စနစ်တကျ လှူကြ တန်းကြသင့်ပါတယ်။

လှူတဲ့တန်းတဲ့ အလှူရှင် ပြည်သူတွေ[...] စေတနာရှင်တွေရှိသလို နိုင်ငံရေးပယော[...] လုပ်ဇာတ်ခင်းချင်တဲ့အကြံနဲ့ လှူဒါန်းနေတဲ့[...] အဲဒီလိုနိုင်ငံရေး အသွေးအရောင်ရှိတဲ့အ[...] ရည်ရွယ်ချက်ရှိရှိနဲ့ လမ်းဘေးကလူအုပ်[...] စကားတွေပြောပြီး ပြဿနာတစ်ရပ်ရပ်မ[...] နေတာမျိုးတွေလည်း ရှိနေပါတယ်။ လမ်[...] ပစ္စည်းတွေ အလုအယက်ကောက်ရင်း ရုတ်ရု[...] ကို ဗီဒီယို၊ ဓာတ်ပုံတွေရိုက်ပြီး နိုင်ငံနဲ့လူမျိုး[...] ဘဲ ပြည်ပမီဒီယာတွေဆီကို ရောင်းစားနေ[...] တွေ့နေရပါတယ်။ ဒါတွေကိုကြည့်ပြီး ကျ[...] အဆင့်အတန်းကို ပြည်ပက တလွဲကောက်[...] လူမျိုးရဲ့မျက်နှာကို ဘယ်မှာ သွားထားရမ[...] ကြပါတယ်။

အခုအချိန်မှာ နာဂစ်လေဘေးကို [...] အသုံးချဖို့ ကြိုးပမ်းနေသူတွေ ရှိနေ[...] အကြောင်းပြုပြီး မရိုးမဖြောင့်လုပ်ရပ်တွေ[...] ကောင်းနဲ့ လှူဒါန်းလိုကြတဲ့ ရိုးသား[...] အတွက် မလိုလားအပ်တဲ့ ကန့်သတ်မှု[...] မဖြစ်စေလိုပါဘူး။ ဒါ့ကြောင့် သာမန်အလ[...] နိုင်ငံရေးအမြတ်ထုတ်ချင်တဲ့ အမည်ခံအ[...] လုပ်ရပ်တွေကိုလည်း သတိပြု ဆန့်ကျ[...] တယ်။

လတ်တလောဖြစ်စဉ်လေးတစ်ခုကို [...] ၂၅-၅-၂၀၀၈ ရက်က ပုသိမ် NLD ဥ[...] အဖွဲ့တစ်ဖွဲ့ဟာ ပုသိမ်မြို့ အထက(၃) လေ[...] ဒုက္ခသည်တွေကို တစ်ဦးကို တစ်ထောင်ကျပ[...] လှူဒါန်းခဲ့ကြပါတယ်။ ဒုက္ခသည် ၃၄[...] သက်ဆိုင်ရာနဲ့ အဆင်မပြေဖြစ်ပြီး ဆက်မ[...] တယ်လို့ ဆိုပါတယ်။ တကယ်သာ စေတနာ[...]

စေတနာရှင်ပြည်သူတိုင်း မည်သူမဆို အကန့်အသတ်မရှိ လွတ်လွတ်လပ်လပ် စိတ်ကြိုက် လှူဒါန်းခွင့်ရှိပါတယ်။

အလှူရှင်အနေနဲ့ ကိုယ်လှူဒါန်းချင်တဲ့ပုဂ္ဂိုလ်၊ ကိုယ်လှူဒါန်းချင်တဲ့ နေရာဒေသအရောက် သွားရောက်ပြီး ကိုယ်ထိလက်ရောက် လှူဒါန်းခွင့်ရှိပါတယ်။

သက်ဆိုင်ရာကလည်း လှူဒါန်းမှုအစုစုအတွက် တားဆီး ပိတ်ပင် ကန့်သတ်ခြင်း လုံးဝ(လုံးဝ)မရှိပါဘူး။

အမှန်တကယ် လိုအပ်နေတဲ့အတွက် လှူပါ၊ လှူပါလို့ တိုက်တွန်းဆော်သြနေရတဲ့အချိန်မှာ လှူဒါန်းမှုကို အဟန့်အတား လုပ်စရာလည်း အကြောင်းမရှိပါဘူး။

သက်ဆိုင်ရာ မြို့နယ်အဆင့်တာဝန်ရှိသူတွေက အခုလို ကားပေါ်ကနေ အလှူပစ္စည်းများပစ်ချပေးနေတဲ့အတွက် ဒုက္ခသည်မဟုတ်သူများပါ အလှူရှင်များကို စောင့်မျှော်နေပြီး အချောင်ရလိုစိတ်ဖြစ်ပေါ်စေကြောင်း၊ စေတနာရှင်ပြည်သူများအနေနဲ့ လမ်းဘေးတစ်လျှောက် လှူဒါန်းခြင်းမပြုဘဲ သက်ဆိုင်ရာ လေဘေးကယ်ဆယ်ထောက်ပံ့ရေးကော်မတီများနဲ့ ဆက်သွယ်ညှိနှိုင်း လှူဒါန်းကြရန် မေတ္တာရပ်ခံပါကြောင်း အသံချဲ့စက်တွေနဲ့ လှည့်လည်ကြေညာနေတယ်လို့လည်း ကြားရပါတယ်။

လှူတဲ့သူတွေကလည်း အထက်မှာပြောခဲ့သလို ကားပေါ်က ပစ်ချပေးနေခြင်းဟာ ဒေသခံဒုက္ခသည်တွေကို ချစ်ရာမရောက်ဘဲ၊ နှစ်ရာရောက်စေတယ်ဆိုတာကို နားလည်လက်ခံကြစေချင်ပါတယ်။ စနစ်တကျ လှူကြ တန်းကြသင့်ပါတယ်။

လှူတဲ့တန်းတဲ့ အလှူရှင် ပြည်သူတွေထဲမှာလည်း သွေးရိုးသားရိုး စေတနာရှင်တွေရှိသလို နိုင်ငံရေးပယောဂဝင်ပြီး မဟုတ်မဟတ် လုပ်ဇာတ်ခင်းချင်တဲ့အကြံနဲ့ လှူဒါန်းနေတဲ့သူတွေလည်း ပါမှာပါ။ အဲဒီလိုနိုင်ငံရေး အသွေးအရောင်ရှိတဲ့အမည်ခံ အလှူရှင်တွေက ရည်ရွယ်ချက်ရှိရှိနဲ့ လမ်းဘေးကလူအုပ်ကို သွေးထိုးလှုံ့ဆော်တဲ့ စကားတွေပြောပြီး ပြဿနာတစ်ရပ်ရပ်မဖြစ်ဖြစ်အောင် ကြိုးပမ်းနေတာမျိုးတွေလည်း ရှိနေပါတယ်။ လမ်းဘေးမှာ ငွေကြေးတွေ၊ ပစ္စည်းတွေ အလုအယက်ကောက်ရင်း ရုတ်ရုတ်သဲသဲဖြစ်နေတဲ့ မြင်ကွင်းကို ဗီဒီယို၊ ဓာတ်ပုံတွေရိုက်ပြီး နိုင်ငံနဲ့လူမျိုးရဲ့ မျက်နှာကိုမထောက်ဘဲ ပြည်ပမီဒီယာတွေဆီကို ရောင်းစားနေကြတာတွေလည်း မြင်နေတွေ့နေရပါတယ်။ ဒါတွေကိုကြည့်ပြီး ကျွန်တော်တို့ပြည်သူတွေရဲ့ အဆင့်အတန်းကို ပြည်ပက တလွဲကောက်ချက်ချသွားရင် နိုင်ငံနှင့် လူမျိုးရဲ့မျက်နှာကို ဘယ်မှာ သွားထားရမလဲ။ အားလုံး စဉ်းစားသင့်ကြပါတယ်။

အခုအချိန်မှာ နာဂစ်လေဘေးကို နိုင်ငံရေးအရ ခုတုံးလုပ်အသုံးချဖို့ ကြိုးပမ်းနေသူတွေ ရှိနေပါတယ်။ အလှူကိုအကြောင်းပြုပြီး မရိုးမဖြောင့်လုပ်ရပ်တွေကြောင့် တကယ့်စေတနာကောင်းနဲ့ လှူဒါန်းလိုကြတဲ့ ရိုးသားတဲ့အလှူရှင်ပြည်သူတွေအတွက် မလိုလားအပ်တဲ့ ကန့်သတ်မှုတွေ၊ အဟန့်အတားတွေ မဖြစ်စေလိုပါဘူး။ ဒါ့ကြောင့် သာမန်အလှူရှင်ပြည်သူတွေအနေနဲ့ နိုင်ငံရေးအမြတ်ထုတ်ချင်တဲ့ အမည်ခံအလှူရှင်တွေရဲ့ မရိုးမသားလုပ်ရပ်တွေကိုလည်း သတိပြု ဆန့်ကျင်သွားကြဖို့ လိုအပ်ပါတယ်။

လတ်တလောဖြစ်စဉ်လေးတစ်ခုကို ဖောက်သည်ချချင်ပါတယ်။ ၂၅-၅-၂၀၀၈ ရက်က ပုသိမ် NLD ဥက္ကဋ္ဌ၊ အတွင်းရေးမှူးပါ အဖွဲ့တစ်ဖွဲ့ဟာ ပုသိမ်မြို့ အထက(၃) လေဘေးဒုက္ခသည်စခန်းက ဒုက္ခသည်တွေကို တစ်ဦးကို တစ်ထောင်ကျပ်တန်တစ်ရွက်စီ သွားရောက်လှူဒါန်းခဲ့ကြပါတယ်။ ဒုက္ခသည် ၃၄ဦးကို လှူဒါန်းအပြီးမှာ သက်ဆိုင်ရာနဲ့ အဆင်မပြေဖြစ်ပြီး ဆက်မလှူတော့ဘဲ ရပ်ပစ်လိုက်တယ်လို့ ဆိုပါတယ်။ တကယ်သာ စေတနာ အရင်းခံမှန်ရင် အားလုံးကုန်အောင်တော့ ဆက်ပြီးလှူသွားသင့်ပါတယ်။ ဒါပေမယ့် အဲဒီလို NLD က ဆက်ပြီး မလှူတဲ့အတွက် ငွေတစ်ထောင်ကျပ်စီမရသေးတဲ့ ဒုက္ခသည်တချို့က မကျေမနပ်ဖြစ်ပြီး ကယ်ဆယ်ရေးစခန်းက ထွက်ခွာသွားတဲ့အထိ ဖြစ်ခဲ့ပါသတဲ့။ ဒီတော့ ထွက်ခွာသွားတဲ့ဒုက္ခသည်တွေကို သက်ဆိုင်ရာကပဲ တွေ့ဆုံစည်းရုံးပြီး သူတို့ သွားလိုရာဒေသများ သွားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ရကြောင်း သိရပါတယ်။ တကယ်တော့ လှူဒါန်းမှုကို အကြောင်းပြုပြီး လူစုစုအတွင်း မကျေမနပ်ဖြစ်အောင် ပြဿနာကို ဖန်တီးခဲ့တာက NLD ပါ။ NLD မီးမွေးခဲ့တဲ့ အဲဒီပြဿနာကို သက်ဆိုင်ရာက ပြေလည်အောင် ဖြေရှင်းပေးခဲ့ရတာပါ။

တကယ်တော့ နိုင်ငံတော်ကရော၊ ပြည်သူအားလုံးကပါ လေဘေး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အမျိုးသားရေးအဆင့် သတ်မှတ်ပြီး အစွမ်းကုန် ကယ်ဆယ်၊ ကူညီ၊ ထူထောင် တည်ဆောက်ပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ပါဝင်ပံ့ပိုးကူညီလျက်ရှိပါတယ်။ ဒီလို အခြေအနေမှာ NLD အနေနဲ့ အမျိုးသားရေးအမြင်နဲ့ ပူးပေါင်းဆောင်ရွက်ကြရမယ့်အစား နိုင်ငံရေးအရအမြတ်ထုတ်ဖို့ ကြိုးပမ်းလာနေပါတယ်။ ဒုက္ခသည် ပြည်သူများအကြား မကျေနပ်မှုတွေ၊ ပြဿနာတွေပေါ်လာအောင်၊ အဲဒီကတစ်ဆင့် ဆူပူမှု အရေးအခင်းတွေအထိ ကြီးထွားလာအောင် သွေးခွဲသပ်လျှို လှုံ့ဆော်ဖျက်ဆီးဖို့ ကြိုးပမ်းနေတယ်ဆိုတာ ဒီဖြစ်ရပ်က သက်သေခံနေပါတယ်။ ဒါတွေဟာ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်ဓာတ်မျိုး၊ အင်မတန်အောက်တန်းကျတဲ့ လုပ်ရပ်မျိုးသာဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ချုပ်ပြီးပြောရရင် အခုလို လေဘေးဒုက္ခသည်များ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ နေရာချထားပေးရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်မှ အပြည့်အဝ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီသုံးဦး သုံးဖလှယ်သော အင်အားစုတွေမှာ ပြည်သူတွေရဲ့အင်အားက အကြီးမားဆုံးပါ။ စေတနာရှင် ပြည်သူအားလုံးရဲ့ ငွေကြေးအား၊ ပစ္စည်းအား၊ လူအား၊ လုပ်အား လှူဒါန်းမှုအစုစုဟာ သိပ်ကိုအရေးပါလှပါတယ်။ ဒါကြောင့် လူတိုင်း လူတိုင်း၊ ပြည်သူတိုင်း ကိုယ်အား စိတ်အားရှိသမျှ လှူကြ တန်းကြပါ။ ကိုယ်အာသီသရှိတဲ့ လူပုဂ္ဂိုလ်၊ နေရာဒေသအရောက်သွားပြီး လက်ရောက် လှူနိုင်တန်းနိုင်ကြပါတယ်။ သို့သော် လှူရာတန်းရာမှာတော့ မလိုသူတွေရဲ့ နိုင်ငံရေးခုတုံးလုပ် အသုံးချမခံရအောင်၊ တစ်ဖက်ကလည်း မိမိရဲ့ လှူဒါန်းမှုဟာ နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာကို မထိခိုက်စေရအောင် သတိပြု ထိန်းသိမ်းဆောင်ရွက်စေသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

မေ ၁၉ရက်က ကာကွယ်ရေးဝန်ကြီးဌာန စံပယ်ရိပ်သာနှင့် သပြေရိပ်သာ၌နေထိုင်ကြသော အရာရှိ စစ်သည် မိသားစုများက ကဆုန်လပြည့်အလှူဒါနအဖြစ် သာဝတ္ထိ၊ စမတောင် ပရဟိတ မိဘမဲ့ကျောင်းအတွက် ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူးနှင့် ဝတ္ထုငွေကျပ် ငါးသောင်းကို စမတောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGO တို့မှ တာဝန်ရှိသူများ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများသို့ လှည့်လည်ကြည့်ရှု

ရန်ကုန် မေ ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker ဦးဆောင်သော ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် INGO တို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်း ဘိုကလေးမြို့သို့ ရောက်ရှိကြပြီး ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ ဝန်ကြီးက အဖွဲ့ဝင်များအား ဧရာဝတီတိုင်းအတွင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရမှုအခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းပြောကြားသည်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker တို့ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ၌ ဆောက်လုပ်ထားသည့် ရွက်ဖျင်တဲ ယာယီစာသင်ကျောင်းကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

လိုက်လံကြည့်ရှု

ထို့နောက် Mr. Daniel B.Baker နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့၌ နယ်စည်းမခြား ဆရာဝန်များအဖွဲ့နှင့် WFP တို့၏ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ဖျာပုံမြို့နယ် ဧရာကျေးရွာသို့ သွားရောက်ကြပြီး ဧရာကျေးရွာ၌ ပြည်ပမှ ပေးပို့လှူဒါန်းထားသည့် ရွက်ဖျင်တဲဖြင့် ယာယီစာသင်ကျောင်းဆောက်လုပ်မှု၊ ယာယီဆေးပေးခန်း ဖွင့်လှစ်ထားရှိမှု၊ မော်တော်ဆိပ်၌ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး ဝန်ကြီးက ကျေးရွာပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများအား မေးမြန်း၍ လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

မေးမြန်းဆွေးနွေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့နယ် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်း ဆွေးနွေးပြီး ဆက်လက်ထွက်ခွာလာရာ လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးစခန်း၌ မြို့နယ်အတွင်း လေဘေးဒဏ်ခံရမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းအခြေအနေများကိုတာဝန်ရှိသူများနှင့်ညှိနှိုင်းဆွေးနွေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် Mr.Daniel B.Baker နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ရှိ WFP ၏ ကယ်ဆယ်ရေးပစ္စည်းသိုလှောင် ဖြန့်ဝေမှု အခြေအနေများနှင့် ဆိပ်ကမ်း၌ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိမှုနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ ဖြန့်ဝေ ပေးပို့ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ သွားရောက်ကြပြီး ကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ ထောက်ပံ့ရေးပစ္စည်းများရောက်ရှိမှု၊ လှေများဖြင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးပို့ရေးဆောင်ရွက်နေမှု၊ ကျေးရွာဆေးပေးခန်းနှင့် မီးဖွားလူနာအခြေအနေတို့ကိုလှည့်လည်ကြည့်ရှုကြပြီး ဝန်ကြီးက တာဝန်ရှိသူများအား ကျေးရွာအတွင်း သန့်ရှင်းရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ရေး မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း စာသင်ဆောင်များ ပျက်စီးခြင်းအတွက် ရွက်ဖျင်တဲ ယာယီစာသင်ကျောင်း နမူနာပုံစံ ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုကြပြီး ကျေးရွာပြန်လည်ထူထောင်ရေးဆိုင်ရာလိုအပ်ချက်များကို တာဝန်ရှိသူများအား မေးမြန်းဆွေးနွေး၍ ထပ်မံ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုနှစ်ရာသီအထွက်နှုန်းကောင်းမျိုးစပါးများ ရွေးချယ်စိုက်ပျိုး ပြည်သူတို့အား ကျန်းမာရေးပညာပေး၊ လှည့်လည်ကုသပေး ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် မေ ၂၇

ရခိုင်ပြည်နယ် ရသေ့တောင်မြို့တွင်ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ၂၃ရက်က ရသေ့တောင်မြို့ မေယုခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းက မြို့နယ်ဆိုင်ရာ အချက်အလက် များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်က ယခုရာသီတွင် အထွက်နှုန်းကောင်းသော မျိုးစပါးများ ရွေးချယ်စိုက်ပျိုးရေး၊ ဆီဖူလုံမှု နည်းသည့်အတွက် တောရိုင်း၊ မြေရိုင်းများတွင် ဆီထွက်သီးနှံများနှင့် ရော်ဘာပင်များ စိုက်ပျိုးရေး၊ ပြည်သူတို့အား ကျန်းမာရေး ဗဟုသုတပေးရေး၊ လှည့်လည်စစ်ဆေးကုသပေးရေးတို့ကို မှာကြားပြီး ရသေ့တောင်မြို့နယ် ပညာရေးမှူး ဦးဝေဇံလှထံသို့ စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။

အလေးထားဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ရသေ့တောင်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် တွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စိုက်ပျိုးမွေးမြူရေးကို တိုးချဲ့ဆောင်ရွက်၍ မိသားစု သက်သာချောင်ချိရေး အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဋ္ဌာနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေးအသင်းမှ ဦးဆောင်ဆောက်လုပ်ထားသော ခုဒ္ဒကကျောင်းဆောင် လေဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားရာ အမှတ် ၈၅ မင်္ဂလာလမ်း စမ်း/မြောက်ရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းနှင့် မြေး မောင်ဖြိုးညိမ်းစိုး မိသားစုက ကျောင်းဆောင် ပြုပြင်ရေးအတွက် ငွေကျပ်တစ်သိန်းကို အမှုဆောင် ဦးမြင့်လွင် (ဖိုးကျော့)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက် ဝန်ကြီး ဦးအောင်သောင်း စက်ရုံများကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် မေ ၂၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၂၅ ရက်က ပဲခူးတိုင်း သာယာဝတီမြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ပန်းကန်နှင့် ကြွေပြားစက်ရုံ၊ ရွှေတောင်မြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင် အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူတို့အား စက်ပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၇

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်ရှိ လေဘေးသင့် ပြည်သူများအတွက် Giordano က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆန်အိတ်၊ အာလူးအိတ်၊ ငါးသေတ္တာဘူး၊ ဆပ်ပြာ၊ ဒန်အိုး၊ ခြင်ထောင်၊ စောင်၊ ပေါင်မုန့်ကြွပ်၊ ကော်ဖီမစ်၊ ဖယောင်းတိုင်၊ ဓွန်း၊ ငါးပိထောင်း၊ ရေပုံး၊ ရေခွက်နှင့် ခြင်ဆေးခွေစသော ထောက်ပံ့ရေးပစ္စည်းများကို မေ ၂၅ ရက်က ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ စာကြည့်တိုက်၌ ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လက်ခံသည်။ ထို့အပြင် ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား Giordano က ဆန်နှင့် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ၂၅ရက်က အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အလုံမြို့နယ် ကမ်းနားလမ်းရှိ Asia World ဆိပ်ကမ်းတွင် လျှပ်စစ်စီမံကိန်းသုံးပစ္စည်းများ မော်တော်ယာဉ်များဖြင့် သယ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းဖော်ပြပြီး) (အမှတ်(၂)လျှပ်စစ်)

လေဘေးသင့်မိသားစုဝင် ကျောင်းသားကျောင်းသူများအား ငွေနှင့်ကျောင်းသုံးပစ္စည်းလှူဒါန်း

ရန်ကုန် မေ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ လေဘေးသင့် မိသားစုဝင်များ၏ မူလတန်းပညာသင်ကြားလျက် ရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေနှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်၁၀နာရီက တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ သီရိမြန်မာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက မြို့နယ်အသင်း၏လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးဟန်မြင့်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အလှူငွေကျပ် ငါးသိန်း၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြထံ လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ကျောင်းအုပ်ကြီးများနှင့် ကျောင်းသားကျောင်းသူများထံ လည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုညွှန်ချုပ် ဦးဝင်းအောင် ကရင်နှင့် မွန်ပြည်နယ်ရှိ သင်တန်းကျောင်းများစစ်ဆေး

ရန်ကုန် မေ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ကရင်ပြည်နယ် ဘားအံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများကို မေ ၁၉ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ မွန်ပြည်နယ် မုဒုံနှင့် ရေးမြို့များရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများကို မေ၂၀ရက်မှ ၂၁ ရက်အထိ လည်းကောင်း စစ်ဆေးကာ ကျောင်းအလိုက် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှု ရှိ၊ မရှိနှင့် ကျောင်းများ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဖွင့်လှစ်ဆဲသင်တန်းများအား စစ်ဆေးပြီး ကျောင်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ကျန်းမာရေးဆပ်ကော်မတီလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ကျန်းမာရေးဆပ်ကော်မတီ၏ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း ရေဘေး၊ လေဘေး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ၂၅ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ဗဟိုနှင့် တိုင်းအဆင့်မှတာဝန်ရှိသူများအား ရေဘေး၊ လေဘေးသင့်ခံရသော မြို့နယ်များ၏ ဆေးအဖွဲ့များသို့ ပံ့ပိုးအကူအညီပေးမည့် ရွေ့လျားဆေးအဖွဲ့ (Medical Mobile Team) နှင့် အထူးကုဆေးအဖွဲ့ (Specialist Team) များ ဖြန့်ဝေခွဲချထားမှုနှင့် အဖွဲ့များ၏ ဆေးကုသမှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့ (Public Health Team) များ၏ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်းအတွင်း တာဝန်ယူကွင်းဆင်းသွားရောက်ခဲ့ကြသည့် ဆရာဝန်ကြီးများက လေဘေးသင့် မြို့နယ်များ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အားသာချက်နှင့် အားနည်းချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးကလေဘေးသင့်ပြည်သူများ ဝမ်းပျက် ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန်အတွက် သောက်သုံးရေများကို ကလိုရင်းဆေးခတ်ပြီး ရေများကိုသာ သောက်သုံးရန်နှင့် သောက်သုံးရေ လုံလောက်စွာရရှိရေးကို စီစဉ်ဆောင်ရွက်ပေးရန်၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေပြီး အသုံးပြုပြီးသော အိမ်သာကျင်းများကို စနစ်တကျ မြေဖို့ခြင်း၊ မြွေဆိပ်ဖြေဆေးများကို လုံလောက်စွာထားရှိပေးရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိအောင်ကြိုတင်ဆောင်ရွက်ထားရှိရန်၊ ကာကွယ်ဆေးထိုး လုပ်ငန်းများကို အစဉ်မပြတ် ဆောင်ရွက်သွားကြရန်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား မမွေးဖွားမီ တစ်ပတ်အလို ဆေးရုံသို့ ရောက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရီပတ်ဘလီကင်သမ္မတလောင်း မက်ကိန်း ကျန်းမာကြောင်းပြရန် ဆေးမှတ်တမ်းထုတ်ပြန်



ဝါရှင်တန် မေ ၂၇

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ သမ္မတလောင်းဖြစ်သူ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း**(အပေါ်ပုံ)** က၂၀၀၀ပြည့်နှစ်မှ၂၀၀၈ခုနှစ်အထိ ၄င်း၏ ကျန်းမာရေးမှတ်တမ်းများကို ထုတ်ပြန်လိုက်သည်။

စာမျက်နှာပေါင်း ၁၁၇၃မျက်နှာရှိသည့် ဆေးမှတ်တမ်းတွင် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းအနေဖြင့် အရေပြားကင်ဆာ လက္ခဏာ မတွေ့ရှိကြောင်းနှင့်တကွ သွေးပေါင်ချိန်နှင့် ကိုယ်အလေးချိန်တို့မှာလည်း အရွယ်နှင့် လိုက်ဖက်စွာ ကျန်းမာရုံဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ရွေးချယ်တင်မြှောက်

ဩဂုတ်လတွင် အသက် ၇၂နှစ်အတွင်း ရောက်ရှိမည့် အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းမှာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရလျှင် ပထမ သမ္မတသက်တမ်းတွင် အသက်အကြီးဆုံး အမေရိကန်သမ္မတ ဖြစ်လိမ့်မည်ဟု သိရသည်။

အသက်ကြီးသည့် သမ္မတများမှာ ပထမသမ္မတသက်တမ်းစတင်ထမ်းဆောင်ချိန်၌ ရော်နယ်ရေဂင်က ၆၉နှစ်၊ ဝီလျံဟာရီဆန်က၆၈နှစ်၊ ဂျိမ်းဘူကာနန်က ၆၅နှစ်နှင့် ဂျော့အိတ်ချ်ဒဗလျူဘုရှ်က ၆၄နှစ် အသီးသီးရှိကြသည်။

ဂျွန်မက်ကိန်းက ယခုကဲ့သို့သူ၏ဆေးမှတ်တမ်းကျန်းမာရေးအခြေအနေကောင်းကြောင်းကို ကြေညာခြင်းမှာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သူ့အသက်ကြီးရင့်မှုမှာ ပြဿနာတစ်ရပ်မဟုတ်ဟု ယူဆသွားစေရန် မျှော်လင့်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဝေဖန်ပြောကြားသည်။ **(အင်တာနက်)**



သဲပန်းပုပြပွဲ

ပေါ်တူဂီနိုင်ငံတောင်ပိုင်း အယ်ဂါဗီကမ်းခြေရှိပီရာဒေသ၌ သဲပန်းပုပြပွဲတွင် ချက်နိုင်ငံမှ ပန်းပုပညာရှင်တစ်ဦး၏ လက်ရာကို မေ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သမ္မတမူရှာရက်ဖ်၏ အာဏာလျှော့ချရေး ပီပီပီပါတီခေါင်းဆောင် ဇာဒါရီအဆိုပြု

အစ္စလမ္မာဘတ် မေ ၂၇

ပါကစ္စတန်အာဏာရ ညွန့်ပေါင်းအစိုးရအဖွဲ့မှ အဓိကပါတီခေါင်းဆောင်ဖြစ်သူ အလီဇာဒါရီက သမ္မတ၏အာဏာလျှော့ချရေးအတွက် ပါကစ္စတန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို အဆိုပြုထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းဖြင့် အစိုးရအဖွဲ့ကိုဖြုတ်ချဖယ်ရှားနိုင်သည့် သမ္မတပါဗက်မူရှာရက်ဖ်၏ အခွင့်အာဏာပပျောက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)ခေါင်းဆောင် အလီဇာဒါရီက ပြောကြားသည်။

စစ်ဦးစီးချုပ်နှင့်ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ခန့်အပ်နိုင်သည့် အာဏာများသည် ဝန်ကြီးချုပ်လက်ထဲသို့ ရောက်သွားမည် ဖြစ်သည်။

အဆိုပြုချက်များသည် သမ္မတမူရှာရက်ဖ် ရာထူးမှဖြုတ်ချခဲ့သည့် ထိပ်တန်းတရားသူကြီးများအား မူလရာထူးတွင် ပြန်ခန့်ရေးကိုလည်း ရည်ရွယ်သည်။ **(အင်တာနက်)**

အီရန်၌ စက်ရုံမီးလောင် ၃၀သေဆုံး၊ ၃၈ဦးဒဏ်ရာရရှိ

တီဟီရန် မေ ၂၇

အီရန်နိုင်ငံအလယ်ပိုင်းတွင် ဆေးဝါးထုတ်လုပ်ရေး စက်ရုံတစ်ရုံ၌ မေ၂၅ရက်က မီးလောင်မှုဖြစ်ပွားကြောင်း အီရန်သတင်းဌာန အိုင်အာအင်န်အေက သတင်းထုတ်ပြန်သည်။

မီးလောင်မှုဖြစ်ပွား

မီးလောင်မှုဖြစ်ပွားသည့်နေရာမှာ တီဟီရန်မြို့ အနောက်တောင်ဘက် မိုင်၁၈၀ခန့်အကွာ အာရက်ခ်မြို့အနီးရှိ ဆေးဝါးစက်ရုံ၌ဖြစ်ပြီး ဓာတုဗေဒပစ္စည်းများမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခြင်းဖြစ်သည်။

ပျက်စီးဆုံးရှုံး

မီးလောင်မှုကြောင့် ၃၀သေဆုံးပြီး ၃၈ဦးဒဏ်ရာရရှိကာ စက်ရုံလည်း မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဇင်ဘာဘွေနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား သမ္မတမူဂါဘီ နှင်ထုတ်ရန်ခြိမ်းခြောက်

ဟာရာရေး မေ ၂၇

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက မိမိတို့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည်ဟု စွပ်စွဲလျက် အမေရိကန် သံအမတ်ကြီး ဂျိမ်းမက်ဂီးအား တိုင်းပြည်မှနှင်ထုတ်ရန် ခြိမ်းခြောက်လိုက်သည်။

အမေရိကန်သံအမတ်ကြီး မက်ဂီး အနေဖြင့် နောက်ထပ်အမှားတစ်ခု ကျူးလွန်ခြင်းကို မိမိစောင့်ကြည့်နေကြောင်း၊ အမှားကျူးလွန်ပါကသူ့ကို နှင်ထုတ်မည်ဖြစ်ကြောင်း ဇင်ဘာဘွေ သမ္မတရောဘတ်မူဂါဘီက ဟာရာရေးမြို့ လူထုစည်းဝေးပွဲတွင် ပြောကြားလိုက်သည်။

ဟောပြော

သမ္မတမူဂါဘီသည် ဇွန်၂၇ရက်က ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်ဟောပြောမှုများစတင်နေပြီဖြစ်သည်။ **(အင်တာနက်)**

ဘဝအမောပြေ

ဒါကြောင့်ပါ ....

မိုးရွာသဖြင့် ထီးဖွင့်ဆောင်းလာသူတစ်ဦးသည် သစ်ပင်တစ်ပင်အောက်၌ မိုးခိုနေသူတစ်ဦးကိုတွေ့၍ မိမိနှင့်လိုက်ခဲ့ရန် ခေါ်ခဲ့လေသည်။

ထီးဆောင်းသူ ။ ။ ခင်ဗျားသွားမယ့်နေရာအထိ လိုက်ခဲ့ပါ။
မိုးခိုသူ ။ ။ ဟုတ်ကဲ့ပါ။
ထီးဆောင်းသူ ။ ။ မိုးတွေကကောင်းလိုက်တာဗျာ...။
မိုးခိုသူ ။ ။ ဟုတ်တယ်။
ထီးဆောင်းသူ ။ ။ ဘယ်ကိုသွားမှာလဲ..
မိုးခိုသူ ။ ။ ရှေ့နားတင်ပါဗျာ..
ထီးဆောင်းသူ ။ ။ ဒါထက်မိုးကာလမှာ ထီးတော့မမေ့နဲ့ဗျို့။
မိုးခိုသူ ။ ။ ကျွန်တော့်မှာ ထီးပါတယ်.. ဖွင့်ဆောင်းရမှာ ပျင်းလို့ပါ..
ထီးဆောင်းသူ ။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဟားမား ဓနသဟာယနိုင်ငံ

သတင်းအက်ဆေး

ဘဟားမား ဓနသဟာယနိုင်ငံသည် အတ္တလန္တိတ်သမုဒ္ဒရာဒေသတွင် တည်ရှိသည်။ ကျွန်းငယ်များနှင့်ကျွန်းပေါင်း၇၀၀မျှဖြင့် ဖွဲ့စည်းထားသည့် ဤနိုင်ငံသည် နှစ်စဉ် သန်းပေါင်းများစွာသော ကမ္ဘာလှည့်ခရီးသည်တို့ ခြေချရာနေရာ ဖြစ်သည်။

ခံစားကြည်နူး

ကမ္ဘာလှည့်ခရီးသည်များသည် ဤနိုင်ငံသို့လာရောက်၍ မအေးလွန်းသော ရာသီဥတု၊ သာယာသောပင်လယ်ကမ်းခြေနှင့် လှပသောသစ်တောများ၏ ပသာဒအလှတို့ကို ခံစားကြည်နူးတတ်ကြသည်။

အထင်ကရဌာန

တစ်ချိန်က ဗြိတိသျှကိုလိုနီ လက်အောက်ခံဖြစ်ခဲ့သော်ငြား ယခုအခါတွင် ဤနိုင်ငံသည် ဓနသဟာယအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး နိုင်ငံခြားမှတ်ပုံတင် ဘဏ္ဍာရေးလုပ်ငန်းနှင့် အကန့်အသတ်မရှိသော ကမ္ဘာ့သင်္ဘောမှတ်ပုံတင်ရာ အထင်ကရဌာနကြီး တစ်ခုဖြစ်သည်။

လွတ်ငြိမ်း

ဤနိုင်ငံကို ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၂ခုနှစ်တွင် စတင်ခြေချသည်။ ၁၆၄၇ခုနှစ်တွင် ပထမဆုံးသော ဥရောပတိုက်သားတို့ စတင်နေထိုင်သည်။ ၁၇၈၃ခုနှစ်တွင် ဘဟားမားကိုစပိန်က ဗြိတိန်တို့လက်သို့ အပ်လိုက်ရသည်။ ၁၈၃၄ခုနှစ်တွင် ကျွန်များကို လွတ်ငြိမ်းခွင့်ပေးသည်။

အနိုင်ရ

၁၉၆၇ခုနှစ်တွင် ဤကျွန်းစု၌ ပထမဆုံးရွေးကောက်ပွဲ ကျင်းပသောအခါ တိုးတက်သောလစ်ဘရယ်ပါတီ (ပီအယ်လ်ပီ)အနိုင်ရပြီး လင်ဒန်ပင်ဒလင် ဝန်ကြီးချုပ်ဖြစ်လာသည်။

အဆုံးသတ်

၁၉၇၃ခုနှစ်တွင် ဘဟားမားနိုင်ငံ လွတ်လပ်ရေးရရှိသည်။ ၁၉၉၂ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရာ လက်ဝဲဗဟိုလွတ်လပ်သော အမျိုးသားရေး လှုပ်ရှားမှုအဖွဲ့ (အက်ဖ်အင်န်အမ်) ပါတီအနိုင်ရပြီး ဟူးဘတ်အင်ဂရာဟမ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ဝန်ကြီးချုပ်လင်ဒန်ပင်ဒလင်၏ ၂၅နှစ်ကြာအုပ်ချုပ်မှု အဆုံးသတ်သွားခဲ့သည်။

ကွယ်လွန်

၁၉၉၇ခုနှစ်တွင် အင်ဂရာဟမ်၏ ပါတီပြန်လည်အနိုင်ရပြီး ဝန်ကြီးချုပ်ရာထူးဆက်ယူသည်။ ၂၀၀၀ပြည့်နှစ် ဩဂုတ်လတွင် လွတ်လပ်ရေးဖခင်ကြီး လင်ဒန်ပင်ဒလင် ကွယ်လွန်သည်။

တိုးတက်

၂၀၀၂ခုနှစ် မေလတွင် ပယ်ရီခရစ္စတီး ဦးဆောင်သည့် တိုးတက်သောလစ်ဘရယ်ပါတီ (ပီအယ်လ်ပီ) အနိုင်ရသဖြင့် အက်ဖ်အင်န်အမ်ပါတီ၏ ၁၀နှစ်ကြာ အုပ်ချုပ်ရေးမှာ အဆုံးသတ်သွားသည်။

ဝန်ကြီးချုပ်ဖြစ်လာ

၂၀၀၇ခုနှစ် မေလပါလီမန်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်း ဟူးဘတ်အင်ဂရာဟမ်၏ အက်ဖ်အင်န်အမ်ပါတီ အနိုင်ရသည်။ ဟူးဘတ်အင်ဂရာဟမ် ဝန်ကြီးချုပ် ဖြစ်လာပြန်သည်။

ဤနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲမှာ ဗြိတိန်နိုင်ငံ အယ်လီဇဘက်ဘုရင်မကြီး ဖြစ်သည်။

ဘဟားမား ဓနသဟာယနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေမှာ မြင့်မားသည်။ သို့သော် နိုင်ငံအတွင်း ဥစ္စာဓနခွဲဝေခံစားမှုမှာ မညီမျှပေ။ ကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ကြွယ်ဝသည်။

တိုးတက်မှုကြီးမား

စီးပွားရေး၏ ဝန်ဆောင်မှုကဏ္ဍ တိုးတက်မှုကြီးမားခြင်းကြောင့် ပြည်သူအများစုသည် ငါးဖမ်းလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းတို့ကို ကျောခိုင်းကာ နယူးပရိုဗီးဒင့်ကျွန်း၊ ဂရင်းဘဟားမားနှင့် ဂရိတ်အဘာကိုတို့မှ ကူးသန်းရောင်းဝယ်ရေးဌာနများသို့ စုပြုံတိုးကြသည်။

မြင့်မား

ယင်းကျွန်းများသည် ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတို့အပေါ် မှီခိုရသည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာခဲ့သည်။

ပြောင်းရွှေ့

အခြားသောဒေသတွင်း နိုင်ငံများကဲ့သို့ပင် ဤနိုင်ငံသည်လည်း မူးယစ်ဆေးဝါး မှောင်ခိုမှုပြဿနာ၊ တရားမဝင်ပြောင်းရွှေ့ ခိုးဝင်လာသူများ ပြဿနာတို့နှင့် ရင်ဆိုင်ဖြေရှင်းနေရသည်။ ဤနိုင်ငံသို့ တရားမဝင်ခိုးဝင်နေထိုင်သူအများစုမှာ ဟေတီနိုင်ငံမှဖြစ်သည်။ ။

ကိုးကား-အင်တာနက် **တိုး-ရေးသားသည်**

28-5 (11).pmd 1 5/28/2008, 1:40 AM

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာတွင် လယ်ယာလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် လက်တွန်းထွန်စက်များ ပေးပို့ထားသည်ကို ဤသို့တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့သစ်လုပ်ငန်းမှ လေဘေးသင့်ပြည်သူများသို့ ထုတ်ပေးမည့် သစ်များအားတွေ့ရစဉ်။

မုန်တိုင်းဒဏ်ခံရပြီး ပြန်လည်ပြုပြင်တည်ဆောက်ထားသော မော်လမြိုင်ကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအား ဤသို့တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့နယ် တစ်ဖက်ကမ်းမှ ဆန်စက်များ စပါးကြိတ်ခွဲနေသည်ကို ဤသို့တွေ့ရသည်။

ဧရာဝတီတိုင်းတွင် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေ

ဧရာဝတီတိုင်းတွင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့ရွာဒေသအားလုံးကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မော်လမြိုင်ကျွန်းမြို့လည်းပါဝင်သည်။ မော်လမြိုင်ကျွန်းမြို့တွင် လေဘေးဒဏ်ခံရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်လုပ်ကိုင်ပေးနိုင်ခဲ့သလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံတော်က သွပ်၊ သစ်၊ သံနှင့် အသုံးအဆောင်ပစ္စည်းများ၊ စားနပ်ရိက္ခာအဖြစ် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်စသည့် ပစ္စည်းများကို ဖြန့်ဝေပေးလျက်ရှိသည်။

နိုင်ငံတော်က ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြည့်ဆည်းပေးမှုကြောင့် မော်လမြိုင်ကျွန်းမြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

သတင်းမြင်ကွင်း - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့် (မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့ မြစ်ကမ်းနံဘေးတွင် ရေလုပ်သားကြီးများ၏ လုပ်ငန်းခွင် ဆောင်ရွက်နေမှုကို ဤသို့ တွေ့ခဲ့ရသည်။



မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံအတွင်းရှိ ရေသန့်စက်အား တွေ့ရစဉ်။

မုန်တိုင်းကြားမှ ပြန်လည်ရုန်းထလာသည့် မော်လမြိုင်ကျွန်း

သတင်းခရီးသည် - မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် မေ ၂၇

ဝေါ--ဝေါ--၊ ဟုန်း--၊ဂုတ်--ဂုတ်-၊ရှီး ခလွမ်း---၊ဖြုန်း---၊အုန်း---။

ဤအသံများသည် မေ ၂ရက်နှင့် ၃ရက်တို့တွင် မြန်မာနိုင်ငံ အောက်ပိုင်း ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် သစ်ပင်များ ပြိုလဲကျသံများ၊ သစ်ကိုင်းကြီးများ ပွဲကျသံများ၊ လမ်းဘေးလျှပ်စစ် မီးတိုင်များ၊ တယ်လီဖုန်းကြိုးလိုင်းများ လဲကျသံများ၊ အိမ်ခေါင်မိုးသွပ်ပြားများ ကျွတ်ထွက် လွင့်ကျသံများ၊ နေအိမ် ပြတင်းပေါက်မှန်များ ပြုတ်ကျသံများပင်ဖြစ်သည်။

ထိုမုန်တိုင်း တိုက်ခတ်လိမ့်မည် ဆိုသည့်သတင်း လူအများစုကြိုသိနေကြသည်။ သို့သော် ဤမျှပြင်းထန် ပျက်စီးမှု ဖြစ်ပေါ်လိမ့်မည်ကို မည်သူ တစ်ဦးတစ်ယောက်မျှ တွက်ဆထားခြင်း မရှိကြချေ။

ထို့ကြောင့်လည်း မုန်တိုင်းတိုက်ခတ်မည်ကို ပူသင့်သလောက်သာ ပူပင်သည်။ သို့သော် ပြင်ဆင်ထားခြင်း ပြုလုပ်မထားကြပေ။ မေ၃ ရက်က တိုက်ခတ်ခဲ့သော မုန်တိုင်းသည် အပြင်းဆုံး ဖြစ်သည်။ လူအများစု အိမ်ထဲမှအိမ်ပြင်သို့ မထွက်ရဲကြ။ မွန်းတည့် ၁၂ နာရီကျော်အထိ လေတိုက်ခတ်နေဆဲ ဖြစ်သည်။ လေတိုက်သံများ ငြိမ်သွားချိန်မှာတော့ နေအိမ်အပြင် လမ်းမပေါ်သို့ ထွက်ကြည့်လိုက်သည့်အခါ....။

အပိုင်းပိုင်း ပြတ်နေသော လျှပ်စစ်မီးတိုင်များ၊ မြင်မကောင်း၊ ရှုမကောင်းအောင် လဲပြိုနေသော သစ်ပင်ကြီးငယ်များ၊ အမိုးပွင့် ဟောင်းလောင်ပေါက်ဖြစ်နေသောနေအိမ်များ အံ့သြမဆုံးတွေ့မြင်လိုက်ရသည်။

ဤမုန်တိုင်းကြီး တိုက်ခတ်ပြီး ရက် ၂၀ခန့်အကြာမှာတော့ မြန်မာ့အလင်း သတင်းအဖွဲ့သည် လေဘေးဒဏ် အခံရဆုံးမြို့နယ်တစ်ခုဖြစ်သည့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ လေဘေး ကယ်ဆယ်ရေး လုပ်ငန်းများ၊ လေဘေး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စေ့ငုတင်ပြနိုင်ရန် ရန်ကုန်မြို့မှ သင်္ဘောဖြင့် ခရီးထွက်ခဲ့သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်သို့ ရောက်သည် ဆိုလျှင်ပင် လာရောက်သည့်အကြောင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပြောပြသည့်အခါ ဦးအောင်ကျော်ခိုင်က **“ကျွန်တော်တို့ဆီမှာ မုန်တိုင်းကြီး တိုက်ခတ်ပြီး မကြာမီမှာ မြို့အနီးရှိ ကျေးရွာတွေက ရွာသူရွာသားတွေဟာ မြို့ကိုတက်ပြေးလာကြတယ်။ ဒါနဲ့ ကယ်ဆယ်ရေးတွေ၊ မြို့မှာရှိတဲ့ ဌာနဆိုင်ရာ အသီးသီးနဲ့ မြို့မိမြို့ဖ တာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းများက ကယ်ဆယ်ရေး စလုပ်ကြရပါတယ်။ ဒီမြို့ကို တက်ပြေးလာကြတဲ့ လေဘေးဒုက္ခသည်တွေထဲမှာ မော်လမြိုင်ကျွန်းမြို့ အနီးရှိ ကျေးရွာများအပြင် မြို့နယ် နယ်နိမိတ်ချင်း ထိစပ်နေတဲ့ ဘိုကလေးမြို့နယ်နှင့် လပွတ္တာ မြို့နယ်တို့မှ လေဘေးဒုက္ခသည်တွေလည်း ပါဝင်ပါတယ်။ စုစုပေါင်းဒုက္ခသည် စခန်း ၁၅ခုအထိ ဖွင့်လှစ်ပြီး လူပေါင်း ၆၇၄၉ဦး အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။**

ကျွန်တော်တို့မြို့နယ်မှာ ဒီကယ်ဆယ်ရေးလုပ်ငန်းတွေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်။လေဘေး ဒုက္ခသည်များကို စားစရာ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ အာလူး၊ ရေသန့်ဘူးများ၊ ဝတ်စရာ အဝတ်အထည်များ၊ စောင်များ၊ အမိုးအကာများ အချိန်မီ ဖြန့်ဝေပေးခဲ့ပါတယ်။ လေဘေးဒုက္ခသည်များအား လိုအပ်သော ဆေးဝါးကုသမှုများ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ပြောကြားသည်။

“ယခုအခါမှာတော့ ဒီလေဘေး ဒုက္ခသည်တွေမြို့ပေါ်မှာ မရှိကြတော့ပါဘူး။ သူတို့ရဲ့ဆန္ဒအရ သူတို့ မူလနေထိုင်တဲ့ ကျေးရွာများသို့ သင်္ဘောများဖြင့် စနစ်တကျ ပို့ဆောင်ပေးခဲ့ပါတယ်။ မြို့ပေါ်မှာလည်း ယခုအခါမှာ လျှပ်စစ်မီးလည်းပြန်ရနေပါပြီ။ ဂျာမနီနိုင်ငံက ပေးပို့လှူဒါန်းတဲ့ မီးစက်နဲ့ ည ၇ နာရီမှ ၁၀ နာရီအထိ မီးပေးပါတယ်။ တယ်လီဖုန်းဆက်သွယ်မှုမှာလည်း CDMA တယ်လီဖုန်းများသုံးပြီး ပြောဆိုနိုင်ကြပါပြီ။ စာသင်ကျောင်းများ၊ ဆေးရုံနှင့် ဌာနဆိုင်ရာရုံးများ အမိုးများ ပြန်လည် ပြုပြင်လို့ ပြီးစီးသွားပါပြီ”ဟု ဦးအောင်ကျော်ခိုင်က မြန်မာ့အလင်းသို့ ဆက်လက် ပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့အလင်းသတင်း အဖွဲ့သည် မြို့တစ်ခွင်လုံး လျှောက်ကြည့်ရာ သွပ်အသစ်များဖြင့် တလက်လက်တောက်ပနေသော နေအိမ်တိုက်တာများ၊ ကျောင်းများကိုတွေ့မြင်ရသည်။ အမိုးလန်ကျသွားသော အိမ်များ၊ ဘုန်းတော်ကြီး ကျောင်းများ အတွက် သွပ်ပြားငါးသောင်းကျော် ဖြန့်ဝေပေးခဲ့ ကြောင်းသိရသည်။ မြို့နယ်သမဝါယမဦးစီးဌာနက သွပ်ပြားနှင့်သံများ ဖြန့်ဝေပေးနေသည်ကိုလည်းတွေ့ခဲ့ရသည်။ မြန်မာ့သစ်လုပ်ငန်းကလည်း သစ်များ ရောင်းချပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

‘လေဘေးဒဏ်ခံရသော ကျေးရွာသားများအတွက် လိုအပ်သော ထောက်ပံ့ရေး ပစ္စည်းများအား လက်ဝယ်အရောက် ပေးအပ်ဆောင်ရွက်နေပါတယ်’ ဦးအောင်ကျော်ခိုင် ဥက္ကဋ္ဌ မော်လမြိုင်ကျွန်း မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့ ဆေးရုံကြီးသို့ ရောက်ရှိခဲ့သည်။

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအား ဆေးဝါးများ ကုသပေးနိုင်မှုနှင့် စပ်လျဉ်းပြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက မြန်မာ့အလင်းသို့ပြောကြားရာ**“မုန်တိုင်း ဖြစ်ပြီးကာလ ဒီဆေးရုံကြီးမှာ မုန်တိုင်း ဒဏ်ခံရတဲ့ပြည်သူ ပြင်ပလူနာ ၆၅၀ ကျော်နဲ့ အတွင်းလူနာ ၂၅၆ ဦးတို့ကို ဆေးဝါးများကုသပေးခဲ့ပါတယ်။ အများဆုံး ကုသပေးတဲ့ရောဂါတွေကတော့ ထိခိုက်ဒဏ်ရာရမှုနဲ့ အဆုတ်အအေးမိရောဂါများ ဖြစ်ပါတယ်။ ဝမ်းရောဂါနှင့်အခြားကူးစက်ရောဂါများဖြစ်ပွားတာ မတွေ့ရပါဘူး။ ဒီမုန်တိုင်းဒဏ်ခံရတဲ့ ထိခိုက်ဒဏ်ရာရသူများအတွက် နိုင်ငံတကာမှ ပေးပို့လှူဒါန်းတဲ့ဆေးဝါးနှင့် ဆေးပစ္စည်းများလည်း လက်ခံရရှိပါတယ်။ UNICEF, WHO ၊ထိုင်းနိုင်ငံတို့မှ လှူဒါန်းတဲ့ဆေးဝါးများ၊ တရုတ်နိုင်ငံမှ လှူဒါန်းသောဆေးဝါးများလည်း ရောက်ရှိပါတယ်။ သူတို့ကို ရန်ကုန်နှင့် ပုသိမ်တို့မှ အထူးကုဆရာဝန်ကြီးများ အဖွဲ့ကလည်း လာရောက်ကုသပေးခဲ့ပါတယ်”**ဟု ဒေါက်တာအောင်ဆန်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ယင်းဆေးရုံကြီး အဝင်ဝတစ်နေရာတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ အင်ဂျင်နီယာ ဌာနမှ လာရောက်တပ်ဆင်ပေးသွားသော ရေဂါလန် ၂၅၀ ဆံ့ ရေသန့်စက်ကြီးတစ်လုံး တပ်ဆင် ပေးထားသည်ကိုလည်း တွေ့ရသည်။

မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမ ဦးစီးဌာနရုံးတွင် အမိုးပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းအတွက် သွပ်အသစ်များ လာရောက်ထုတ်ယူနေသည်ကို ဤသို့တွေ့ရသည်။

ထိုမှဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံးသို့ ရောက်ရှိသည်။ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုနှင့် စပ်လျဉ်း၍ လေဘေးကွပ်ကဲ ရေးဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းက ပြောကြားရာတွင်**“မော်လမြိုင်ကျွန်းမြို့နယ်မှာ အဆိုးရွားဆုံးဒေသတွေဖြစ်တဲ့ကျေးရွာ အုပ်စုခြောက်အုပ်စုရှိပါတယ်။ လှိုင်းဘုန်း၊ ကြိမ်ချောင်းနဲ့ ငါးတန်တစ်ရာ ကျေးရွာ အုပ်စုတွေ ပါဝင်ပါတယ်။ နယ်မြေခံ တပ်ရင်းမှ ကျေးရွာအုပ်စုများသို့ တပ်မတော်သားများ ကိုယ်တိုင်လိုက်ပါပြီး ဖြန့်ဖြူး ပေးနေပါတယ်။ အဓိက ဖြန့်ဖြူးပေးတဲ့ ပစ္စည်းတွေကတော့ မိုးကာရွက်ဖျင်တဲ၊ အဝတ်အထည်၊ အစားအသောက်တွေ ဖြစ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့မှာရှိတဲ့ ဆန်စက်တွေက လိုသလောက်ယူပြီး ဒီလေဘေး ဒုက္ခသည်တွေရဲ့ နေအိမ်တွေကို အိမ်တိုင်ရာရောက် ဖြန့်ဖြူးပေးနေတာ ဖြစ်ပါတယ်။ တန် ၁၅၀ကျော် ရှိသွားပါပြီ။ မီးစက်တွေ၊ ရေသန့်စင်စက်တွေ၊ နေအိမ် အမိုးအကာတွေ ပါဝင်ပါတယ်”** ဟု ပြောကြားသည်။

၎င်းမှတစ်ဆင့် မြန်မာ့အလင်းသတင်း အဖွဲ့သည် ကွပ်ကဲရေးအဖွဲ့ရုံးမှပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ် အလုပ်အမှုဆောင်ဦးချစ်သိန်း၏ စီစဉ်ပေး မှုဖြင့် ငါးတန်တစ်ရာ လေဘေးကယ်ဆယ် ရေးစခန်းသို့ သွားရောက်ခဲ့သည်။ ယင်း ကယ်ဆယ်ရေးစခန်းသို့ ကွပ်ကဲရေးရုံးမှ မိုးကာရွက်ဖျင်တဲအလုံး ၁၀၀၀ကို ပွဲထောင် စက်လှေကြီးဖြင့် သွားရောက်ပို့ဆောင်သော စက်လှေဖြင့် လိုက်ပါလာခဲ့သည်။

၎င်း လေဘေးကယ်ဆယ်ရေးစခန်းမှ တာဝန်ခံ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဇံ နှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့ပါသည်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဇံက မြန်မာ့ အလင်းသို့ ပြောကြားရာတွင် **“ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံး လေဘေးဒဏ် အဆိုးရွားဆုံးခံရတဲ့ ကျေးရွာအုပ်စု ၁၇ အုပ်စုမှာ ကယ်ဆယ်ရေးလုပ်ငန်းနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့ ဒီမှာ မေ ၅ ရက်နေ့မှာ စရောက်တယ်။ ပထမဆုံးလုပ်ရတာကတော့ ပျောက်ဆုံးနေသူတွေကို လိုက်လံရှာဖွေပြီး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ပါတယ်။ ဒီနောက်မှာ ကျေးရွာများမှာ ဝင်ရောက်ပြီး သန့်ရှင်းရေးလုပ်ငန်းကို လုပ်ဆောင်ပါတယ်။**

ဒီနောက်မှာတော့ ပျက်စီးသွားတဲ့ ရွာတွေ ပြန်လည်ထူထောင် ပေးပါတယ်။ သူတို့အတွက်နေဖို့၊ စားဖို့၊ ဝတ်ဖို့ အားလုံးစီစဉ်ပေးခဲ့ပါတယ်။ အခုလည်း အမိုးအကာ၊ ရွက်ဖျင်တဲတွေ၊ စားစရာ ဆန်အလုံအလောက် ဖြန့်ဝေပေးနေပါ တယ်။ ဒီဒေသက လူတွေရဲ့ အဓိက အသက်မွေးဝမ်းကျောင်းဟာ လယ်ယာ လုပ်ကိုင်ခြင်းနဲ့ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ရေလုပ်သားများအတွက် ငါးဖမ်းပိုက်တွေ၊ တောင်သူတွေအတွက် လက်တွန်း ထွန်စက်တွေ၊ကျွဲနွားတွေ၊ မျိုးစပါးတွေ ဖြန့်ဝေပေးလျက်ရှိပါတယ်။ သူတို့ကို နောက်စပါး မပေါ်မချင်း လိုအပ်တဲ့ စားနပ်ရိက္ခာအတွက် ဆက်လက်ပံ့ပိုး ပေးဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်” ဟု မြန်မာ့အလင်းသို့ ဆက်လက်ပြော ကြားသည်။

ဤသို့ဖြင့် လေဘေးဒုက္ခသည် များအား နိုင်ငံတော်က စီစဉ်ဆောင်ရွက် ပေးမှု၊ နိုင်ငံတကာက ကူညီမှု၊ ပြည်တွင်း စေတနာရှင်များ၏ သဒ္ဓါထက်သန်လှူဒါန်း မှုများကြောင့် မော်လမြိုင်ကျွန်းမြို့နယ်မှ လေဘေးဒဏ်ကြုံရသောပြည်သူများ၏ ဘဝသည် မိမိတို့၏ လယ်ယာလုပ်ငန်း ခွင်များ ပြန်လည်ဝင်ရောက်နိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လုပ် ကိုင်နိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းတို့ ကြောင့် မော်လမြိုင်ကျွန်းမြို့ရှိ စပါး စက်များမီးခိုးတလူလူဖြင့် မုန်တိုင်း ကြားမှ ပြန်လည်နိုးထလာပြီ ဖြစ်ပါ ကြောင်း။ ။

(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနတွင် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေစဉ်။

မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အများသုံး တယ်လီဖုန်းတွင် ဖုန်းပြောနေသည်ကို တွေ့ရစဉ်။

မော်လမြိုင်ကျွန်းမြို့နယ် ငါးတန်တစ်ရာကျေးရွာတွင်ကျေးရွာသူကျေးရွာသားများ လက်ဝယ်သို့ တပ်မတော်သားများက လက်ရောက်ပေးအပ်စဉ်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

သုံးနှစ်အတွင်း မန်ယူနည်းပြအဖြစ်မှ အနားယူမည်ဟု ဖာဂူဆန် ပြောကြား

လန်ဒန် မေ ၂၇

မန်ယူနည်းပြ ဖာဂူဆန်က လာမည့်သုံးနှစ်အတွင်း မိမိအသက် ၇၀ပြည့်ချိန်နောက်ဆုံးထား၍ မန်ယူနည်းပြအဖြစ်မှ အနားယူမည်ဖြစ်ကြောင်း မေ၂၆ရက်က ပြောကြားလိုက်သည်။

လက်ရှိအချိန်၌ အသက် ၆၆နှစ် အရွယ်ရှိနေပြီဖြစ်သည့် မန်ယူနည်းပြ ဖာဂူဆန် **(ယာပုံ)**က မိမိအနေဖြင့်နောက်ထပ် သုံးနှစ်တာ ကာလထက်ပိုမိုကာ နည်းပြအလုပ်ကို လုပ်နိုင်ဖွယ် မရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

မန်ယူအသင်းအတွက် အသင့်တော်ဆုံးနည်းပြမှာ ဖာဂူဆန်ကလွဲပြီး အခြားသူများအား အစားထိုးရန် စဉ်းစား၍မရကြောင်း ဒေးဗစ်ဂီးလ်က ပြောကြားသည်။

မတတ်နိုင်

သို့သော်လည်း မန်ယူအသင်း အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်ကပြောကြားရာတွင် ဖာဂူဆန်အနေဖြင့် နည်းပြတာဝန်မှ လာမည့်သုံးနှစ်ပြည့်ချိန်၌ နုတ်ထွက်မည်ဟု မိမိအားပြောကြားခဲ့ခြင်း မရှိသေးကြောင်း၊ သို့ရာတွင် သူ့ကျန်းမာရေးနှင့် သူ၏ဆန္ဒပြင်းပြနေမှုရှိခဲ့ပါက မိမိတို့လည်းမည်သို့မျှမတတ်နိုင်ကြောင်း ပြောကြားသည်။

မေတ္တာရပ်ခံ

ဖာဂူဆန်သည် ၁၉၈၆ ခုနှစ်ကတည်းက မန်ယူနည်းပြအဖြစ် ဆောင်ရွက်ရာတွင် ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်နှင့် ပရီမီယာလိဂ်ဖလား ၁၀ ကြိမ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။ မိမိတို့သည် ဖာဂူဆန်အား စွမ်းဆောင်နိုင်သမျှ နည်းပြတာဝန်ယူပေးပါရန် မေတ္တာရပ်ခံထားကြောင်း ဒေးဗစ်ဂီးလ်က ပြောကြားသည်။

ဖာဂူဆန်အနေဖြင့် မန်ယူနည်းပြအဖြစ်မှ အနားယူလိမ့်မည်ဟု မိမိ မထင်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၁ ခုနှစ်ကလည်း မန်ယူနည်းပြအဖြစ်မှ အနားယူမည်ဟု ပြောကြားခဲ့သော်လည်း မန်ယူနှင့် စာချုပ်သက်တမ်းအသစ် တိုးမြှင့်ချုပ်ဆိုခဲ့ကြောင်း၊ ယခုလည်း

သုံးသပ်ထား

သို့သော်လည်း အသက်အရွယ်ရလာပြီဖြစ်သော ဖာဂူဆန်အနေဖြင့် တာဝန်မှအနားယူရန် မလွဲမသွေ လိုအပ်ခဲ့ပါက အစားထိုးနိုင်ရန် ဖာဂူဆန်၏ လက်ထောက် ကာလို့စ်ကွီရော့ဇ်မှာ အဖြစ်နိုင်ဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း မန်ယူအမှုဆောင်အဖွဲ့က သုံးသပ်ထားသည်။ **(အင်တာနက်)**

ဂရန့်ကို ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်

လန်ဒန် မေ ၂၇

ချယ်လ်ဆီး နည်းပြတာဝန်ကို မော်ရင်ဟို နုတ်ထွက်သွားပြီးနောက် ရှစ်လတာကာလ ထမ်းဆောင်ခဲ့သည့် အေဗရန်ဂရန့်**(ယာပုံ)**အား ချယ်လ်ဆီးနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ ဖြစ်သည်။

ဆုံးဖြတ်

အဆိုပါဆုံးဖြတ်ချက်ကိုချယ်လ်ဆီးကလပ်ပိုင်ရှင်အေဗရာမိုဗစ်ချ်နှင့်ကလပ်အသင်းအမှုဆောင်အရာရှိချုပ် ပီတာကီယွန်တို့ နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြပြီးနောက် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။

ဖလားလက်မဲ့

အသက် ၅၃နှစ်ရှိပြီဖြစ်သည့် အစ္စရေးနိုင်ငံသားဂရန့်သည် ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်နှင့်ချန်ပီယံလိဂ်ဖလား နှစ်ခုစလုံးဆွတ်ခူးနိုင်အောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အပြင် ချယ်လ်ဆီးအား ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ၌ ဖလားလက်မဲ့ဖြစ်စေခဲ့ကြောင်း ၄င်းတို့က သုံးသပ်ခဲ့ကြသည်။

ချယ်လ်ဆီးအသင်းအတွက် နည်းပြအသစ် ရှာဖွေမှုများပြုလုပ်နေပြီး လက်ရှိအချိန်၌ တရားဝင်ဆက်သွယ်ထားသည့် နည်းပြတစ်ဦးမှမရှိသေးကြောင်း သိရသည်။ လောလောဆယ်တွင်ချယ်လ်ဆီးအသင်းနည်းပြအဖြစ် ရေပန်းစားနေသူများမှာ ရုရှားနည်းပြဂုစ်ဟစ်ဒင့်၊ ဒတ်ချ်နိုင်ငံသား ဖရန့်ရီကတ်နှင့် မန်စီးတီးနည်းပြ ဆဗင်ဂိုရန်အဲရစ်ဆင်တို့ ဖြစ်သည်။ **(အင်တာနက်)**

အိုင်ဘီအို၏ လိုက်ဖ်ဝယ်လ်သာဝိတ် ချန်ပီယံဗိုလ်လုပွဲ ရစ်ကီဟက်တန် အမှတ်ဖြင့် အနိုင်ရရှိ

မန်ချက်စတာ မေ ၂၇

နိုင်ငံတကာ လက်ဝှေ့အဖွဲ့ချုပ်၏ လိုက်ဖ်ဝယ်လ်သာဝိတ်ချန်ပီယံဗိုလ်လုပွဲအဖြစ် ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့တွင် မေ၂၅ရက်က ဂွန်လာကာနိုနှင့် ရစ်ကီဟက်တန်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ရစ်ကီဟက်တန်က အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မက္ကဆီကို လက်ဝှေ့သမား ဂွန်လာကာနိုအား ဟက်တန်က ပွဲချိန်ပြည့်ထိုးသတ်ခဲ့ပြီး ဒိုင်လူကြီးသုံးဦးစလုံးက ၁၂၀-၁၁၀၊ ၁၁၈-၁၁၀၊ ၁၂၀-၁၀၈ဖြင့် အနိုင်ပေးခဲ့ကြသည်။

ရစ်ကီဟက်တန် (ဝဲ)က အပေါ်စီးမှ ဤသို့ ထိုးသတ်ခဲ့သည်။

ထိုးသတ်နိုင်ခဲ့

အဆိုပါ လက်ဝှေ့ပွဲသို့ မန်ယူဘောလုံးသမားများဖြစ်သော ရွန်နေ၊ ဖာဒီနန်နှင့် ဝက်စ်ဘရောင်းတို့ လာရောက်ကြည့်ရှု အားပေးကြသည်။ ဟက်တန်သည် ပွဲချိန်တိုင်း ဂွန်လာကာနိုအပေါ် အသာစီးမှ ထိုးသတ်နိုင်ခဲ့သည်။

ဟက်တန်သည် ပြီးခဲ့သည့် ဒီဇင်ဘာလက မေဝဲလ်သားနှင့် ထိုးသတ်ခဲ့ရာတွင် အလဲထိုးခံရပြီးနောက် ပထမဆုံးနိုင်ပွဲပြန်ရခြင်းပင် ဖြစ်သည်။ (အင်တာနက်)

ဖရန့်လမ်းပတ် ချယ်လ်ဆီး၌ ဆက်ရှိနေမည်

လန်ဒန် မေ ၂၇

ကွင်းလယ်ကစားသမား လမ်းပတ်အား စာချုပ်သစ်ချုပ်ဆိုရန် မိမိတို့ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဖရန့်လမ်းပတ်အနေဖြင့် ချယ်လ်ဆီးအသင်း၌ဆက်လက်ကစားမည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က မေ၂၆ရက်၌သတင်းထုတ်ပြန်လိုက်သည်။

သက်တမ်း

အသက် ၂၉နှစ် အရွယ်ရှိ လမ်းပတ်(ဝဲပုံ)အနေဖြင့် အင်တာမီလန်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်မှာ မှန်သော်လည်း ချယ်လ်ဆီးနှင့် လက်ရှိစာချုပ်မှာ နောက်နှစ် နွေရာသီအထိ သက်တမ်းရှိနေဆဲ ဖြစ်သည်။

မိမိတို့အနေဖြင့် လမ်းပတ်လို ကစားသမားကို ချယ်လ်ဆီး၌သာ ရေရှည်နေထိုင်သွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း လမ်းပတ်သည် ချယ်လ်ဆီး အသင်းအတွက် အဓိကကစားသမားတစ်ဦးဖြစ်ကြောင်း၊ ချယ်လ်ဆီးအသင်းအောင်မြင်မှုများ ရရှိခဲ့သည့်ပွဲတိုင်း လမ်းပတ် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း ချယ်လ်ဆီးအမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်က ပြောကြားသည်။

အဓိကစွမ်းဆောင်

ဖရန့်လမ်းပတ်သည် ၂၀၀၁ခုနှစ်က ဝက်စ်ဟမ်းအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပေါင်၁၁သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်ဖလားနှစ်လုံး ရယူပေးရာတွင် အဓိကစွမ်းဆောင်ပေးခဲ့သူတစ်ဦးလည်း ဖြစ်သည်။ (အင်တာနက်)

အင်တာနက်သတင်းအတိုအထွာ

➢ အာဆင်နယ်အသင်းသည် ယခုနွေရာသီတွင် အသင်းမှထွက်ခွာမည့် ကွင်းလယ်ကစားသမား လက်ဘ်အား ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ယင်းကစားသမား၏ အေးဂျင့်က ပြောကြားခဲ့သည်။

* **စပါးအသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး အနယ်ကာအား ပေါင် ၁၅ သန်း၊ ညာတောင်ပံကစားသမား ရိုက်ဖီးလစ်အား ပေါင် ၁၀သန်းတို့ဖြင့် ဝယ်ယူမည်ဟုဆိုသည်။**

➢ ဘာစီလိုနာဘောလုံးကြယ်ပွင့် ရော်နယ်ဒင်ဟို၏ အေးဂျင့်သည် ပြီးခဲ့သည့် သီတင်းပတ်က ထိုင်းတွင် မန်စီးတီးပိုင်ရှင်သက်ဆင်နှင့် တွေ့ဆုံကာ ရော်နယ်ဒင်ဟိုအား ပေါင် ၁၀ သန်းဖြင့် ပြောင်းရွှေ့ခေါ်ယူနိုင်ရန် ဆွေးနွေးခဲ့သည်။

* **မန်ယူခံစစ်မှူး ပီကေးသည် ဘာစီလိုနာသို့ ပြောင်းရွှေ့ရေး ထပ်မံဆက်သွယ် ဆွေးနွေးလျက်ရှိသည်။**

➢ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်သည် လွန်ခဲ့သည့် သီတင်းခြောက်ပတ်အတွင်း နည်းပြဟောင်း မော်ရင်ဟိုနှင့် နွေးထွေးသော ဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်သော အေဗရန်ဂရန့်၏နေရာတွင် အစားထိုးမည့် နည်းပြအဖြစ် ဖရန့်ရီကတ်သည် ရေပန်းစားနေဆဲ ဖြစ်သည်ဟုဆိုသည်။

* **အေစီမီလန် သို့မဟုတ် အင်တာမီလန်အသင်းများသို့ ထွက်ခွာရန် တာစူ နေသော ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာအား ရီးရဲမက်ဒရစ်အသင်းက စိတ်ဝင်စားသည်ဟု ဆိုသည်။**

➢ အာဆင်နယ်အသင်းသည် စိန့်အယ်တီနီအသင်းမှ ကစားသမားများဖြစ်ကြသော ဒါဘိုနှင့် မာတူအီဒီ၊ စတုဂတ်တိုက်စစ်မှူး ဂိုမက်ဇ်တို့အား ခေါ်ယူရေးအတွက် စေ့စပ်ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီ ဖြစ်သည်။

* **လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် အပြောင်းအရွှေ့ရာသီတွင် ၄င်းသုံးစွဲခွင့်ရသည့် ပေါင်သန်း၂၀အား ပေါင်သန်း ၅၀သို့ တိုးမြှင့်နိုင်ရန်အတွက် အာဘီလိုအာ၊ ပင်းနန့်၊ စတိဗ်ဖင်နန်၊ အလွန်ဆို၊ ပီတာခရော့ချ်၊ စကော့ကာဆန်နှင့် ရီဆာတို့အား ထုတ်ရောင်းမည်ဟု ဆိုသည်။**

➢ ဗလင်စီယာကွင်းလယ်ကစားသမား အီဒူးအား အာဆင်နယ်၊ ပို့စ်မောက်၊ လီဗာပူး၊ အဲဗာတန်၊ မန်စီးတီး၊ စပါးနှင့် မစ်ဒယ်ဘရော့တို့က ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟုဆိုသည်။

* **ဂျူဗင်တပ်စ်အသင်းသည် လီဗာပူးအသင်းမှ အလွန်ဆိုနှင့်ရီဆာတို့အား ခေါ်ယူရန် စီစဉ်နေသည်။**

➢ ချယ်လ်ဆီးအသင်းသည် ၄င်း၏ဂိုးသမား ပီတာဆက်ချ်အား ဘာစီလိုနာက ခေါ်ယူရန်ကမ်းလှမ်းမှုကို ငြင်းဆိုဖွယ်ရှိသည်။

* **စာချုပ်သက်တမ်းစေ့နေပြီဖြစ်သော မန်ယူခံစစ်မှူး အီဗရာက မန်ယူအသင်းအနေဖြင့် စာချုပ်သစ် ထပ်မံချုပ်ဆိုမှုမပြုလျှင် ၄င်းအား ခေါ်ယူရန် စိတ်ဝင်စားနေသောအသင်းများသို့ အမြန်ပြောင်းရွှေ့မည်ဟု ရင်ဖွင့်လိုက်သည်။**

➢ မန်ယူနည်းပြဖာဂူဆန်သည် အသင်း၏ အားထားရသူများဖြစ်သည့် ရိုင်ယန်ဂစ်နှင့် ပေါစခိုးလ်တို့ ဘောလုံးကစားခြင်းမှ အနားယူပါက ၄င်းတို့အား လက်ထောက်နည်းပြများ ခန့်အပ်ရန် စီစဉ်နေသည်။

* **စပါးအသင်းသည် အနယ်ကာအားခေါ်ယူရေး မအောင်မြင်ပါက ရီးရဲဇာရာဂိုဇာမှ မီလီတိုအားခေါ်ယူမည်ဟု ဆိုသည်။**

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုးတို့ စုစည်းသည်

ဂျာမန်အိုးပင်းရေကူးပြိုင်ပွဲ ရောဘတ်စ် စံချိန်သစ်တင်

ဘာလင် မေ ၂၇

ဂျာမနီနိုင်ငံဘာလင်မြို့တွင် မေ၂၅ ရက်ကကျင်းပသည့် ဂျာမန် အိုးပင်း ချန်ပီယံရှစ် အမျိုးသားရေကူးပြိုင်ပွဲ မီတာ ၂၀၀အလွတ်တန်းရေကူးပြိုင်ပွဲ၌ ဒေးဗစ်ရောဘတ်စ်က ကမ္ဘာ့ စံချိန်သစ်တင်က ဗိုလ်စွဲခဲ့သည်။ ဒေးဗစ်ရောဘတ်စ်သည် မီတာ ၅၀၊ မီတာ၁၀၀၊ မီတာ၂၀၀နှင့် မီတာ ၄၀၀ တို့တွင်လည်း အမြန်ဆုံးကူးခတ်ကာ ကမ္ဘာ့စံချိန်တင်ထားနိုင်သူ ဖြစ်သည်။

ကြိုးစား

ဒေးဗစ်ရောဘတ်စ်က မီတာ ၂၀၀ အလွတ်တန်းရေကူးပွဲစဉ်တွင် ၂မိနစ် ၁၁ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မိမိအနေဖြင့် မီတာ ၂၀၀ တွင်သာမက အခြားပြိုင်ပွဲများ၌လည်း ကမ္ဘာ့စံချိန်ဝင်အောင် ကြိုးစားမည်ဖြစ်သည်ဟု ပြောကြားသည်။ **(အင်တာနက်)**

မုန်တိုင်းဒဏ်ကြောင့် ပြည်သူများသေဆုံးကြရခြင်းအတွက် မေ ၂၀ ရက်မှ၂၂ ရက်အထိ ရခိုင်ပြည်နယ် ၁၇ မြို့နယ်၌ ဝမ်းနည်းကြောင်းအထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ဆောင်ရွက်

ရန်ကုန် မေ ၂၇

နာဂစ်မုန်တိုင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းသို့ မေ ၂ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမှ စတင်ဝင်ရောက်ခဲ့ပြီး မေ ၄ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မြန်မာနိုင်ငံမှ ဖြတ်ကျော်သွားခဲ့သည်။

နာဂစ်မုန်တိုင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ကို ဖြတ်သန်းဝင်ရောက် တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် အသက်အိုးအိမ်များ ပျက်စီး ဆုံးရှုံးခြင်း၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့်ဆေးရုံများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများနှင့် ရိက္ခာပစ္စည်းများ ပျက်စီး ဆုံးရှုံးခြင်းစသည်တို့ ကြီးမားစွာ ဖြစ်ပေါ်ခဲ့သည်။

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြည်သူများသေဆုံးခဲ့ကြရခြင်းအတွက် မေ ၂၀ရက် မှ ၂၂ရက်အထိ သုံးရက်တာ ကာလကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၌ ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ရာ စစ်တွေမြို့မှ အစိုးရရုံးဌာနများ၊ ပုဂ္ဂလိက အဆောက်အအုံများရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို မေ ၂၀ရက် နံနက် ၉နာရီမှစ၍ ယင်းကာလအတွင်း တိုင်ဝက်လွှင့်ထူခြင်း၊ နံနက် ၉နာရီမှ ၉နာရီ ၃မိနစ်အထိ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ခရီးသွားပြည်သူများ၊ အမြန်ယာဉ်၊ အနေးယာဉ်နှင့် ရေယာဉ်များ ခေတ္တငြိမ်သက်စွာရပ်နားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်က မြို့ဝင်ဆိုင်းဘုတ်ရှိ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာဦး ခေါင်းဆောင်၍ အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် ဦးစီးအရာရှိ ဦးတင်ဝင်းမောင်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အထက(၂)ကျောင်းလမ်း ကတ္တရာလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို မေ ၂၇ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစံလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဖလမ်းမြို့၌ ကျန်းမာရေး အသိပညာပေးဟောပြော

ဖလမ်း မေ ၁၄

ဖလမ်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို မေ ၁၀ရက် နံနက် ၁၁နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုမိုတင်ဦးက အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွှန့်ဦးမောင်က ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။

တက်ရောက်

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြောကြားရာသို့ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဋ္ဌာနပါဠိတော်ကျမ်းအတွက်ကြေးပြားများလှူဒါန်း

ရန်ကုန် မေ ၂၇

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ပဋ္ဌာနပါဠိတော်ကျမ်း(ဒုတွဲ) အတွက် ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်ထံသို့ တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ဗိုလ်ချုပ်လမ်းနေ ဗိုလ်မှူးသင်းလွင်-ဒေါ်ခင်ဆွေဝင်း၊ သား မောင်သန့်ဦးလွင်၊ မောင်သန့်ညီလွင် မိသားစုက ကြေးပြားသုံးချပ်၊ တောင်ကြီးမြို့နေ ဦးလှကြည်-ဒေါ်နုနုခင် မိသားစု၊ လှိုင်မြို့နယ်သုခလမ်း၅၂လမ်းသွယ်နေ ဦးစိန်ကြိုင်-ဒေါ်သိန်းသိန်းစိုးမိသားစု၊ မိခင်ကြီး ဒေါ်တယ်ချွာတီအားရည်စူး၍ ဘောက်ထော် ပြည်သာယာရိပ်သာ မာလာမြိုင်လမ်းနေ ဦးသိန်းမြင့်-ဒေါ်တင်ငွေ မိသားစုတို့က ကြေးပြားနှစ်ချပ်စီ၊ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဦးထောင်ဗိုလ်လမ်းဓညဝတီ သီလရှင်စာသင်တိုက်မှ ဆရာကြီးဒေါ်အဂ္ဂဝတီ (ဓမ္မာစရိယ)၊ဦးကျန်းပို့နှင့် မောင်သိန်းထွန်းတို့အားရည်စူး၍ ၉မိုင်၊ စိုက်/မွေးဝင်း အမှတ်၇-၉နေ ဒေါ်သန်းနှင့် သားသမီး၊ မြေးတစ်စု၊ ဦးသိန်းဝင်း-ဒေါ်ဖြူဖြူမိသားစု၊ ၅၂လမ်း အမှတ် ၈၆နေ ဦးမျိုးမင်းအောင်(ခ) ဦးအောင်လှိုင်မော်-ဒေါ်အေစုဂျာသာ၊ သမီးလေး မအိမ့်လှိုင်မှူး မိသားစု၊ ဖခင်ကြီး ဦးလှထွန်းအောင်အား ရည်စူး၍ သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၁ ရပ်ကွက် သုမန၄လမ်းနေသမီးဒေါ်ညိုညိုအောင်၊ မိဘများအား ရည်စူး၍ သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၃ရပ်ကွက် ပြည်သာယာလမ်းနေဒေါ်မြရီ မိသားစု၊ မရမ်းကုန်းမြို့နယ်၂ရပ်ကွက်သမိုင်းဘူတာရုံလမ်းနေ ဦးလှမြင့်-ဒေါ်ခင်သန်းနွယ် မိသားစု၊ သား တောခေါင်း တင်အောင်ခင်အား ရည်စူး၍ ဦးမောင်ထွန်းအောင်-ဒေါ်အေးမြ(မြို့နယ်စာရင်းစစ်အရာရှိ-ငြိမ်း) မိသားစု၊ အဖ ဦးအောင်စွမ်၊ အမိဒေါ်လှမင်းနှင့် ခင်ပွန်း ဦးအေးမြင့်တို့အားရည်စူး၍ ပုဇွန်တောင်မြို့နယ် တောင်လုံးပြန်ရပ်ကွက်နေ ဒေါ်ကျင်မြနှင့်သားသမီး၊မြေးတစ်စု၊ သား မောင်ကျော်ဝင်းအား ရည်စူး၍ ကမာရွတ်မြို့နယ် ပဏ္ဍိတလမ်းနေမိခင်ဒေါ်စောကြီးနှင့် မောင်နှမများ၊ ဗဟန်း မြို့နယ် ဗိုလ်ချို ၂ ရပ်ကွက် မိုးမခလမ်းနေ ဦးခင်မောင်ညွန့်-ဒေါ်ခင်မေသွယ်၊ သား မောင်ဖုန်းမင်းခန့် မိသားစု၊ ဗိုလ်ကြီးဘိုးသာ တစ်နှစ်ပြည့်အား ရည်စူး၍ အင်းစိန်မြို့နယ်ထန်းပင်ကုန်းနှင်းဆီလမ်းနေ မိခင် ဒေါ်စိန်မြင့်မိသားစု၊ ၂၈လမ်းအမှတ်၅၄ ခိုင်သစ္စာဆေးတိုက်မှ မိခင် ဒေါ်အေးမြင့်သန်း၊ သားကိုအောင်မျိုးခိုင်အသက်(၄၀)ပြည့်မွေးနေ့၊ ခင်ပွန်းကြီးဆယ်ပါးကိုဦးထိပ်ထား၍ လှိုင်မြို့နယ် သီရိမြိုင်၁၃ ရပ်ကွက် ဗဟိုလမ်းနေ ဦးသန်းစိုး-ဒေါ်ခင်အေးကြိုင်မိသားစု၊ ဗဟန်းမြို့နယ် ဝက်ပါလမ်း အမှတ်၁စမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာ ဦးတင်ယု၊ ဦးချစ်သန်းမြင့်၊ ဦးအေးကြူလေး၊ဒေါ်ခင်လေးသိမ့်နှင့် တက္ကသိုလ် ယဉ်ယဉ်လဲ့တို့က ကြေးပြား တစ်ချပ်စီ လှူဒါန်းကြသည်။ **(က-ပ)**



စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၁၄)ဘီနေ ဦးဝင်းနိုင်-ဒေါ်မာလာမြိုင်တို့အား ရည်စူး၍ ရန်ကုန်နှင့် မန္တလေးမြို့နေ အစ်ကို၊ အစ်မများက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (က-ပ)

မိုးရာသီ ဘဏ်ချေးငွေထုတ်ချေးရေး ညောင်ဦး၌ညှိနှိုင်း

ညောင်ဦး မေ ၁၄

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်း၏ ၂၀၀၈ခုနှစ် မိုးရာသီ ဘဏ်ချေးငွေ ထုတ်ချေးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင် ဘဏ်ခွဲတွင် မေ ၆ရက်က ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ရုံးချုပ် ရန်ကုန်မှ အထွေထွေမန်နေဂျာ ဦးဝင်းကြည်တက်ရောက်၍ ဘဏ်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ရုံးချုပ် ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းဟန်၊ မန္တလေးတိုင်း တိုင်းမန်နေဂျာ ဒေါ်ခင်ပြုံးရည်၊ တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် မန်နေဂျာတို့ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် ဒုတိယ အထွေထွေမန်နေဂျာက ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ ရှင်းလင်း ဆွေးနွေးပြောကြားပြီး တိုင်းမန်နေဂျာက ချေးငွေလုပ်ငန်းများ ရှင်းလင်းမှာကြားရာ မြို့နယ်မန်နေဂျာများ၏ တင်ပြချက်များအပေါ် အထွေထွေမန်နေဂျာက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးညှင်းမြို့၌ ပန်းအလှများ အစားထိုးပြုပြင်

မိုးညှင်း မေ ၂၂

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မိုးညှင်းမြို့ စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် ပန်းအလှပင်များ အစားထိုးပြုပြင်ခြင်း၊ရေလောင်းပေါင်းသင်ခြင်းများကို မေ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြပ်မတ်၍စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



ဟသ်ာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မပဒေသာဈေးနှင့်ငွေဝင်းဈေးအတွင်း မိုးရာသီမတိုင်မီ ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးအတွင်း ရေမြောင်းများမှ နုန်းများနှင့်အမှိုက်များ တူးဖော်ရှင်းလင်းခြင်းကို မေ၁၁ရက်က ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(ဈေး) ဦးငွေမြင့်အောင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကံမမြို့နယ်၌ ကျင်းပ

ကံမ မေ ၁၄

မကွေးတိုင်း သရက်ခရိုင် ကံမမြို့ အခြေခံပညာ အထက်တန်းကျောင်း မြဝတီခန်းမတွင် မေ၇ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးများ တာဝန်ပေးအပ်ပွဲ၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မကွေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က အမှာစကား ပြောကြားပြီး **(အောက်ပုံ)** အဖွဲ့ဝင် ဒေါက်တာခင်သီသီထွန်းနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဆန်းလွင်ဦးတို့က ကျန်းမာရေး အသိပညာပေး ဟောပြောကြသည်။

ပေးအပ်

ထို့နောက် ဟောပြောပွဲ တက်ရောက်သည့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား တာဝန်ရှိသူများက အိုင်အိုဒင်း ဆားနှင့်ဆပ်ပြာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဦးခင်မောင်(ခ) သင်ရှူးခွက်(၁)နှစ် ပြည့်အားရည်စူး၍ ရန်ကုန်တိုင်းတာမွေမြို့နယ် ကျောက်မြောင်းလမ်းအမှတ် ၆ဝနေ ဒေါ်တင်တင်အိ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို အနုနာယက ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်ပူမြို့၌ ပထမပြန်စာမေးပွဲဖြေဆို

အင်ပူ မေ ၃

ဧရာဝတီတိုင်း အင်ပူမြို့နယ် ပါဠိပထမပြန် စာမေးပွဲကို မတ်၂၄ရက်မှ ၃၁ရက်အထိ အင်ပူမြို့ ပရိယတ္တိသာသနာ့ဗိမာန်တော်ကြီး စာဖြေဌာန၌ ကျင်းပရာ အဆိုပါစာမေးပွဲတွင် မြို့နယ်အတွင်းရှိ ရဟန်း၊သာမဏေနှင့် သီလရှင်များ စုစုပေါင်းအပါး၅ဝ ဝင်ရောက်ဖြေဆိုကြသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါ စာမေးပွဲတွင် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း စုစုပေါင်း အပါး၅ဝ ဝင်ရောက်ဖြေဆိုကြရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင် အင်ပူမြို့ ဆရာတော် အဂ္ဂမဟာကျော် ဘဒ္ဒန္တစက္ကိန္ဒ၊ အင်ပူမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတနှင့်စာမေးပွဲကြီးကြပ်တော်မူကြသည့် ဆရာတော်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။

(၁၄ဝ)

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ ဦးစီးအရာရှိ ဦးစိုးလင်းနှင့်ဈေးတာဝန်ခံ ဦးမောင်မောင်တို့ မတ်၂၅ရက်က နမ့်ခမ်းမြို့ မြို့မဈေးကြီးအတွင်း လျှပ်စစ်မီးများ သွယ်တန်းမှု၊ လုံခြုံရေးမီး၊ လမ်းမီးများနှင့် ဈေးရုံးရှိမိန်းခုံများ စနစ်တကျ တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မီးသတ်တပ်ဖွဲ့နေ့ မြင်းခြံမြို့၌ ကျင်းပ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မြင်းခြံ မေ ၁၂

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ၅ရက်က မြင်းခြံခရိုင် မီးသတ်ဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးဌာန ဆိုင်းဘုတ်ကို ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက ဖွင့်လှစ်ပေးပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

အဆိုပါ(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်စိုးရိမ်ရသော ရပ်ကွက်များ၊ အလုပ်ရုံများနှင့် မြို့မ ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝ၈၇)

သင်တန်းဖွင့်

သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော နွေရာသီကွန်ပျူတာ သင်တန်းဖွင့်ပွဲကို ဧပြီ၃ဝရက်က မြို့နယ် ကွန်ပျူတာခန်းမ၌ကျင်းပပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြကြည့်ရှုစစ်ဆေးစဉ်။(မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံ မြစ်ငယ်၌ရှင်းလင်း တာဝန်ကျေပွန်စွာ လုပ်ငန်းစွမ်းဆောင်သူအားဂုဏ်ပြု

မြစ်ငယ် မေ ၂၀

မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) မီးရထား(သီးသန့်) မီးသတ်တပ်ဖွဲ့မှ (၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို မေ၅ရက် ညနေ ၄နာရီက မီးရထား(သီးသန့်) မီးသတ်တပ်ဖွဲ့ရုံးရှိ လေ့ကျင့်ရေးကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ လက်ထောက် အထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး) ဒုတိယဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း)က မီးသတ်တပ်ဖွဲ့နေ့ ဖြစ်ပေါ်လာပုံနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုဆု

ထို့နောက်မီးသတ်တပ်ဖွဲ့မှ တစ်နှစ်တာအတွင်း တာဝန်ကျေပွန်စွာလုပ်ငန်းစွမ်းဆောင်ဆုရ တပ်ကြပ်ကြီးသိန်းတန်အား လက်ထောက် အထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး) ဒုတိယဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း)က ဂုဏ်ပြုဆုငွေများ ပေးအပ်ကြောင်း သိရသည်။ **(ဝ၈ဝ)**

ရှင်းလင်းတင်ပြ

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို လှည်းကူးမြို့ စာဘူးတောင်း-အင်းဂျွန်ကျေးရွာချင်းဆက် ဂဝံလမ်း ပြီးစီးမှုကို ဧပြီ၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့ ရွှေကုက္ကိုစာကြည့်တိုက် အဆောက်အအုံဖွင့် ရည်ရွယ်ချက်နှင့် ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းများ ရှင်းလင်း

သာစည် မေ ၁၅

သာစည်မြို့နယ် အင်းဝင်းကျေးရွာအုပ်စု ကုက္ကိုပေါက်ကျေးရွာ ရွှေကုက္ကိုစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက် မွန်းလွဲ ၂နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းနှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးခင်မောင်ထွေးနှင့် အသင်းသားများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အကျယ်တဝင့်ရှင်းလင်း

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကျေးရွာ စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ်၁ဝဝကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးချစ်တီးက လက်ခံယူသည်။

ထို့နောက် ရွှေကုက္ကို စာကြည့်တိုက်အဆောက်အအုံသစ်ကို ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြသိန်းနှင့် စာကြည့်တိုက်မှူး ဦးချစ်တီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အမည်ပြောင်း

မြိတ်မြို့ အထက(၂) နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဟစ်တလာအား အိမ်ထောင်စုစာရင်းအရ မောင်မြင့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြင့်နိုင်။**

အမည်ပြောင်း

ဦးထွန်းထွန်းမြင့်၏သား ပဲခူးမြို့ အထက(၃) Grade-4 မှ မောင်လပြည့်ထွန်းအား မောင်ရဲငြိမ်းအောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲငြိမ်းအောင်။**





သွားချင်တဲ့ခရီးကိုသွား
ငှားချင်တဲ့ကားကိုငှား

TOP ဖုန်း- 243363 705877

ကို ၂၄ နာရီ ဖုန်းဆက်လိုက်ပါလား၊ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။ Van၊ Saloon ကားများငှားရန်ရှိသည်၊

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/ ၁၁၂၄၆၀ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစိုး မှတ်ပုံတင်အမှတ် ၁၁/မတန(နိုင်) ၀၀၃၀၉၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ (နေပြည်တော်)။

မသက်ဆိုင်ပါကြောင်း

ကျွန်မ သွယ်သွယ်ဝင်းဖြူ၏ ခင်ပွန်းဖြစ်သူ အေးမောင်မောင်ချို ၁၂/ဥကတ (နိုင်) ၁၅၂၇၃၅သည် ကျွန်မအပါအဝင် မိဘအသိုင်းအဝိုင်းတစ်ခုလုံးအား စိတ်အနှောင့်အယှက်ဖြစ်စရာ အရှက်ရအောင် ပြုလုပ်၍ နေအိမ်မှ ထွက်သွားပါသဖြင့် ကျွန်မနှင့် လုံးဝမသက်ဆိုင်တော့ပါ။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
သွယ်သွယ်ဝင်းဖြူ
၁၂/အစန(နိုင်)၁၆၀၆၅။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)]
မြိတ်ခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမကြီးအမှုအမှတ်-၂

၁။ ဦးဇော်မျိုးဆန်း		၁။ ဒေါ်ရှုဟုန်
၂။ ဒေါ်ပြုံးပြုံးနွယ်	**နှင့်**	၂။ ဒေါ်စန်းစန်းလွင်
		၃။ ဦးသန်းထွန်း
တရားလိုများ		**တရားပြိုင်များ**

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဆရာပြောင်လမ်းနေ ဦးသန်းထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဇော်မျိုးဆန်းပါ-၂က အရောင်းအဝယ် ပဋိညာဉ်အတိုင်း မြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်တို့အတွက်ရောင်းကြေးတန်ဖိုးငွေကျပ်သိန်း ၇၀ကိုလက်ခံ၍ အရောင်းအဝယ်စာချုပ်ကို ပြုလုပ်ချုပ်ဆို မှတ်ပုံတင်ပေးရန်နှင့် မြေကွက်၊ နေအိမ်တို့အား တရားလိုများသို့ လွတ်လပ်စွာ လက်ရောက်အပ်ပေးစေလိုမှု (သို့မဟုတ်) အကယ်၍တရားပြိုင်များအနေဖြင့် အရောင်းအဝယ် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးနိုင်ခြင်းမရှိပျက်ကွက်ပါကတရားပြိုင်များသည် တရားလိုများ၏နစ်နာမှုအတွက် တရားလိုများထံမှ ရယူထားသည့် စရန်ငွေ၏နှစ်ဆဖြစ်သော ငွေကျပ် သိန်း၆၀ကို တရားလိုများသို့ ပြန်လည်ပေးလျော်စေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် ဇွန်၆ရက်(၁၃၇၀ပြည့်နှစ် နယုန်လဆန်း၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင်အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၈ခုနှစ် မေ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဌေးမြင့်
ခရိုင်တရားသူကြီး၊ မြိတ်မြို့။

အများသိစေရန်

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်သောဒေါ်စိန် ၁၂/ဒဂတ(နိုင်)၀၁၅၈၉၈ နှင့် ဒေါ်ခင်မာလွင် ၁၂/ဒဂန(နိုင်)၀၁၇၂၈၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ အမှတ် ၂၃၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ ၁၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့မြေကွက်နှင့်
၂။ အမှတ် ၁၈၁၊ ဖလမ်း၊ ၁၆ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ မြေကွက်တို့သည် ဒေါ်စိန်၏ ခင်ပွန်း၊ ဒေါ်ခင်မာလွင်၏ ဖခင် ကွယ်လွန်သူ ဦးအောင်လွင်၏ အမည်ဖြင့်လည်းကောင်း၊
၃။ တိုက်အမှတ် ၈(မြေညီထပ်)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်း၊
၄။ အမှတ် ၁၀ (မြေညီထပ်)၊ လသာလမ်း၊ လသာမြို့နယ် ရန်ကုန်မြို့ရှိ တိုက်ခန်း၊
၅။ တိုက်အမှတ် ၁၄၇၊(တတိယထပ်)၊လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်ရှိ တိုက်ခန်း၊
၆။ အမှတ် ၁၀၊ မှန်ရဝေလမ်း၊ ဗဟန်းမြို့နယ် (ပေ ၂၀ ×ပေ ၄၀)ရှိမြေကွက်၊
၇။ အမှတ် ၃၆ (မြေညီထပ်)၊ဗိုလ်လရောင်လမ်း၊ ဗဟန်းမြို့နယ် (ပေ၂၀× ပေ၄၀)ရှိ တိုက်ခန်းတို့သည် ဒေါ်စိန်၏အမည်ဖြင့်လည်းကောင်း၊
၈။ တိုက်အမှတ် ၂၊ အခန်း ၈(မြေညီထပ်)၊ (ပေ ၃၀ × ၃၅ပေ) ရန်ရှင်းအိမ်ရာ၊ ဗဟန်းမြို့နယ်ရှိ တိုက်ခန်း၊
၉။ တိုက်အမှတ် ၂၊ အခန်း၁၆(ပထမထပ်)၊ (ပေ ၃၀ × ၃၅ပေ)ရှိ ရန်ရှင်းအိမ်ရာ၊ ဗဟန်းမြို့နယ် တိုက်ခန်း၊
၁၀။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၇၀ရပ်ကွက်၊ (ပေ၄၀ ×ပေ ၆၀)မြေကွက်၊
၁၁။ ရွှေပြည်သာမြို့နယ်၊ ၉ရပ်ကွက်၊ ပန်းခြံ(၄)၊ (ပေ ၂၀×ပေ၆၀)မြေကွက်၊
၁၂။ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ (သ-က-မ) (ပေ၂၀× ပေ၆၀)မြေကွက်တို့သည် ဒေါ်ခင်မာလွင်အမည်ဖြင့်လည်းကောင်း တည်ရှိသောမြေကွက်များဖြစ်ပြီး ဒေါ်စိန်နှင့် သားသမီးငါးဦး အမွေဆိုင်ပစ္စည်းများ ဖြစ်ပါသည်။

သို့ပါ၍ ဒေါ်စိန်နှင့် သားသမီး ငါးဦးစလုံး၏ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်း လွှဲပြောင်းခြင်းတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် လိုအပ်ပါက ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဝင်းမြင့် LL.B	**ကျော်စိုးဗိုလ်**B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ	**တရားရုံးချုပ်ရှေ့နေ**

Kyaw Soe Bo Chamber
အမှတ်၅၀ (ပ)ထပ်၊ အခန်း (C-5)**၊ ဘဏ်လမ်း၊**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁-၂၀၈၅၈၊ ၀၉-၅၁-၈၈၃၀၈။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၅

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဦးမောင်ဝင်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်သန်းသန်းနွယ်
ဝမ်းတွင်းမြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၅၃၂တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဇွန် ၂၆ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ ရွာတန်း ရွာသစ်ရပ် ကွင်းအမှတ်(၁၅၇၈/က)၊ ဇဂျမ်းကုန်းမြောက် ဦးပိုင်အမှတ်(၃၉/၆၇)၊ မြေကွက်အမှတ်(၁၆၉/၂၆၄) ဧရိယာ ၀ဒသမ၀၈ ဧကရှိမြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၃၀x၂၈)ပေသွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း၊ တစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ် ၉၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မေ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)
မိတ္ထီလာခရိုင်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်စိန်
အသက်(၉၆)နှစ်

ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ကြူကြူဝင်း၏ဖခင် ဦးမောင်စိန် အသက်(၉၆)နှစ်သည် ၂၄-၅-၂၀၀၈ရက်တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီး၊ ပါမောက္ခများ၊
ဆရာဝန်များနှင့်ဝန်ထမ်းမိသားစု
ရန်ကုန်ကလေးဆေးရုံကြီး။

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာညွှန်မှူး ပေါက်ခေါင်းနှင့် ပေါင်းတည်မြို့ ကျောက်ထုတ်စခန်းများစစ်ဆေး

ရန်ကုန် မေ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် မေ ၂၃ရက်က တာဝန်ရှိသူများ လိုက်ပါ၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို ၂၀၀၈-၂၀၀၉ခုနှစ်၌ ကတ္တရာလမ်းမိုင်(၆၀/၀)ခင်းရန် လိုအပ်သော ကျောက်များ ထုတ်လုပ်နေသည့် ပေါက်ခေါင်း မြို့နယ်အပိုင်း စမ်းကုန်းကျောက်ထုတ် စခန်းသို့လည်းကောင်း၊ ပေါင်းတည်မြို့နယ်အပိုင်း ပုံချီတက်ကျောက်ထုတ်စခန်းသို့လည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လမ်းပေါ်ကျောက်ရောက်ရှိမှုကို စစ်ဆေးသည်။**(အပေါ်ပုံ)**

သွားလာရေးလွယ်ကူ

အဆိုပါ ပဲခူးတိုင်း(အနောက်ပိုင်း)အတွင်း ခရိုင်ချင်းဆက်လမ်းအရှည် ၁၃၁/၆ မိုင်ရှိရာ ၂၀၀၂-၂၀၀၃ ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ ကျောက်ချောလမ်း ၁၂၆/၆မိုင်၊ သစ်သားတံတား ၁၀၉စင်း၊ ပြွန်တံတား၂၃၅စင်း၊ ရေကျော် ၁၆စင်း ဆောက်လုပ်ပြီးစီးခဲ့သည့်အတွက် လမ်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၂၃၀တွင် သွားလာရေး လွယ်ကူလျက် ရှိကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

အုတ်တွင်းမြို့နယ်၌ ယဉ်ကျေးမှုသင်တန်းအတွက် အလှူငွေပေးအပ်

အုတ်တွင်း မေ ၁၄

အုတ်တွင်းမြို့နယ်တွင် ယဉ်ကျေးမှုသင်တန်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၅ရက် နံနက်ပိုင်းက အုတ်တွင်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျင်းပရာ အခမ်းအနားသို့ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်နန်းရွှေအေးနှင့် အဖွဲ့ဝင်များ၊ အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေ၊ မြို့နယ်နှင့် ရပ်ကွက်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် သီရိသုဓမ္မသိင်္ဂီဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင် ဦးခင်မောင်ဝင်း-သီရိသုဓမ္မသိင်္ဂီဒေါ်သန်းသန်းနွဲ့(ကြယ်နီမိသားစု) က လှူဒါန်းငွေကျပ်သိန်း ၃၀**(ယာပုံ)**၊ အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ် ၃၀၀၀၀နှင့် အခြားအလှူရှင်၁၂ ဦးတို့က လှူဒါန်းငွေကျပ် ၇၁၃၂၀၀တို့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဧပြီ၂၃ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ရှင်သာမဏေ၈၆ပါး၊ သီလရှင်၅၈ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်၍ ယဉ်ကျေးမှု စာပေများကို ၁၅ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **(၃၁၆)**

ဝိုင်းမော်မြို့၌ အုတ်ခုံခံတံတား တည်ဆောက်ပြုပြင်

ဝိုင်းမော် မေ ၂၂

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မုတ်လွဲကျေးရွာအဝင် အုတ်ခုံခံသစ်သားတံတား တည်ဆောက် ပြုပြင်ခြင်းလုပ်ငန်းကို မေ ၁၆ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းနှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ တောင်သူလယ်သမားများအတွက် လယ်ယာ(၂၂) လက်တွန်းထွန်စက်များ ရောက်ရှိတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့မီးရထား)

ဒေးဒရဲမြို့နယ်အတွင်း လေဘေးသင့် တောင်သူလယ်သမားများ လယ်ယာမြေအမြန်ဆုံးဖော်ထုတ်နိုင်ရေးလက်တွန်းထွန်စက်များပေးအပ်

နေပြည်တော် မေ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မေ ၂၅ ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ကျူးပြည်နယ်မှ ဆရာဝန်များနှင့် မြန်မာနိုင်ငံမှ ဆရာဝန်များပူးပေါင်း၍ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၆ ■

လပွတ္တာမြို့နယ်လေဘေးသင့် ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ နိုင်ငံသားကုမ္ပဏီများ ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၂၇

ဧရာဝတီတိုင်း လပွတ္တာမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် နိုင်ငံသား ကုမ္ပဏီများဖြစ်ကြသည့် မက်စ်မြန်မာနှင့် ဧရာရွှေဝါကုမ္ပဏီတို့က လှူဒါန်းမှုများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် မေ ၅ ရက်တွင် ဝန်ထမ်းအင်အား ၁၀၀၊ စက်၊ ယာဉ် ၁၅ စီး ဖြင့်လည်းကောင်း၊ မေ ၈ ရက်တွင် ဝန်ထမ်းအင်အား ၄၀၀၊ စက်၊ ယာဉ် ၃၂ စီးဖြင့်လည်းကောင်း ရောက်ရှိကြပြီး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

သုံးစွဲ

လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအတွက် မက်စ်မြန်မာကုမ္ပဏီက ငွေကျပ်သိန်း ၂၀၀၀ နှင့် ပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ ကျော်ကိုလည်းကောင်း၊ ဧရာရွှေဝါ ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀ နှင့် ပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀ ကျော်တို့ကိုလည်းကောင်း လှူဒါန်းသုံးစွဲခဲ့ကြောင်း သိရသည်။

လှူဒါန်း

မေ ၆ ရက်မှစတင်၍ လေဘေးသင့် ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆေးဝါး၊ သက်န်း၊ အစားအသောက်၊ အဝတ်အထည်၊ အမိုးအကာများနှင့် လိုအပ်သည်များကို ပံ့ပိုးလှူဒါန်းခဲ့ကြသည်။ မေ ၁၉ ရက်အထိ စာရင်းအရ ဧရာဝတီတိုင်းအတွင်း ဆန်အိတ်ပေါင်း ၈၅၀၀၊ ပဲအိတ် ၁၀၀၊ ကြက်သွန်နီအိတ် ၁၀၀၊ အာလူးအိတ် ၁၀၀နှင့် ကြာဆံအိတ် ၁၀၀ အပါအဝင် စားသောက်ချက်ပြုတ်ဖွယ်ရာများ၊ ရေစုပ်စက် ၁၀လုံး၊ ရေတင်စက် အလုံး ၂၀၊ သွပ်အချပ်ရေ ၁၅၀၀၀၀၊ သစ် ၁၀ တန်၊ ရေသန့်ပုံး ၁၀၀၀၀၊ ဆေးဝါးအမျိုးမျိုး (သေတ္တာ) ၁၀၀၀၊ အဝတ်အထည် ၅၀၀၀၀ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

တကယ်တော့ စေတနာရှင် ပြည်သူတိုင်း မည်သူမဆို အကန့်အသတ်မရှိ လွတ်လွတ်လပ်လပ် စိတ်ကြိုက်လှူဒါန်းခွင့်ရှိပါတယ်၊ အလှူရှင်အနေနဲ့ ကိုယ်လှူဒါန်းချင်တဲ့ပုဂ္ဂိုလ်၊ ကိုယ်လှူဒါန်းချင်တဲ့ နေရာဒေသအရောက် သွားရောက်ပြီး ကိုယ်ထိလက်ရောက် လှူဒါန်းခွင့်ရှိပါတယ်၊ သက်ဆိုင်ရာကလည်း လှူဒါန်းမှု အစုစုအတွက် တားဆီးပိတ်ပင်ကန့်သတ်ခြင်း လုံးဝ(လုံးဝ)မရှိပါဘူး။ **ကျော်ရဲမင်း၏ ဆောင်းပါး (စာ ၈-၉)**